# မန္တလေး နေ့စဉ်
*The Mandalay Daily*

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၃၀)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၂-၁၁-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင် ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များ နှင့်အတူ တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော် တို့ဖြင့် နိုဝင်ဘာ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ် အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ နှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာ သင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန် မီးပုံးပျံ ကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ် သည်။

ထို့အပြင် ညပိုင်း ဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသ ထွက်ကုန်များနှင့်

**စာမျက်နှာ ၄ သို့**



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားမှ ရှုခင်းကြည့် အပျော်စီးရထားကို တောင်ကြီး-ပေါမူ-တောင်ကြီး ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ စတင်ပြေးဆွဲလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကာလဖြစ်သည့် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ၄ ရက်အထိ ပြေးဆွဲပေးလျက်ရှိသည်။

**စာမျက်နှာ ၄ သို့**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက် ပိုင်း)တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ် ချုန်းရွာပြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက် ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါ သည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့် ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ခရီးသွားခြင်း၏ အကျိုးကျေးဇူးများ

ခရီးသွားခြင်းသည် စိတ်အာရုံကို လန်းဆန်းစေသည်။ ကိုယ်ကျန်းမာတော့ စိတ်ရွှင်လန်းပြီး ကိုယ်နှင့်ဆိုသကဲ့သို့ ညည်းငွေ့ခြင်း၊ ပျင်းရိခြင်း၊ ထုံထိုင်းခြင်းတို့ ကင်းစင်ကာ အေးမြကြည်လင်သော အထိအတွေ့ကို ရရှိမည်ဖြစ်သည်။ လူတိုင်းတွင် ကိုယ်ခန္ဓာအတွက် စိတ်ကြည်လင်ခြင်းသည် ကျန်းမာမှု ဆုကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့်ပင် တစ်နွယ်ငင် တစ်ပင်ပါဖြစ်သော အာရုံသစ်ကို ဖြစ်ထွန်းစေပါသည်။ ခရီးထွက်ခြင်းကြောင့် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော အရာဟူသမျှသည် အသစ်အဆန်းများနှင့် ကြုံတွေ့ရတော့သည်။ အာရုံသစ်တို့ကို ဖန်တီးပုံဖော်ပေးလျက်ရှိသည်။ ခရီးထွက်ခြင်းကြောင့် မိတ်ဆွေသစ်များ တိုးပွားလာစေသည်။ ဒေသန္တရ ဗဟုသုတတို့လည်း တိုးပွားလာသည်။ ယခုနှစ် တန်ဆောင်မုန်းလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် ပုဂံ ညောင်ဦးဒေသသို့လည်းကောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့လည်းကောင်း၊ မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဘုရားဖူးပြည်သူများ၊ ကထိန်ခင်းကျင်းသည့် မြင်ကွင်းများ၊ ဒေသန္တရ ဗဟုသုတရှာဖွေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ခရီးသွားခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းပင်ဖြစ်သည်။ ခရီးသွားလာခြင်းမှ ပေါက်ဖွားလာသော အကျိုးသက်ရောက်မှုများသည် မိုးကောင်းပင်တမျှ များပြားလှသည်။ ခရီးသွားခြင်းအမျိုးမျိုးရှိသည်။ ရည်ရွယ်ချက်ဖြင့်သွားခြင်း၊ ရည်ရွယ်ချက်မရှိဘဲသွားခြင်း၊ မိမိတိုင်းပြည်အတွင်း လည်ပတ်ခြင်း၊ ပြည်ပနိုင်ငံသို့ခရီးထွက်ခြင်း၊ ဒေသန္တရ ဗဟုသုတရှာဖွေဖို့ ခရီးသွားခြင်းတို့ပါဝင်ပြီး မည်သည့်ခရီးသွားခြင်းမဆို အထွေထွေ ဗဟုသုတကိုရရှိစေမှာဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ အပျင်းအပြေ ခရီးသွားခြင်းသည်ပင် ထိုခရီးအတွက် ထူးကဲသော အကျိုးကို ခံစားရမှာဖြစ်သည်။

ခရီးသွားခြင်းအတွက် ခဏတစ်ဖြုတ် အလည်အပတ် ဖြတ်သန်းသွားခြင်းပင်လျှင် တန်ဖိုးရှိလှသည်။ ရည်ရွယ်ချက်ဖြင့် သွားလာသည့် ခရီးသွားခြင်းမှာမူကား ခရီး၏ အကျိုးကျေးဇူးများက များပြားနေမည်ဖြစ်သည်။

လောကတွင် စူးစမ်းလေ့လာသူတို့အတွက် အရာရာဖြစ်ထွန်းစေသည်။ ထို့ကြောင့် ခရီးသွားပါ၊ ခရီးဆက်ပါ။ လောကအမြင်ဘဝအမြင်တွေ ကျယ်ပြောပါမှ ကမ္ဘာ့ရွာမှာ နေထိုင်ရမှုမှာ တန်ရာကျမည်ဖြစ်သည်။ သွားဖန်များ ခရီးရောက်၊ ကိုယ့်လမ်းကိုယ်ဖောက်လည်း ဆိုရိုးရှိပါသည်။ အမြင်ကျဉ်းခဲ့လျှင် မမြင်ဘူး မှုးမြစ်ထင်ဆိုသောစကားသည် ဒေသန္တရဗဟုသုတ ခေါင်းပါးသူတို့အတွက် သတိပေးစကားပုံသာဖြစ်သည်။ လူသည် အမြင်ကျယ်နိုင်ပါမှ တော်ကာကျမည်ဖြစ်သည်။ အမြင်ကျယ်ဖို့ ခရီးသွားခြင်းဖြင့် ဖော်ဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားခြင်း၏အကျိုးကျေးဇူး အနှစ်သာရသည် ဗလငါးတန်လူတို့၏ အစစ်အမှန် ဤဗလငါးတန်မှာ ကျန်းမာခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကိုယ်ကျင့်တရားနှင့် ပေါင်းသင်းဆက်ဆံရေးတည်းဟူသော ငါးပါးကို အလိုအလျောက် ဖြည့်ပေးနိုင်သည့် အနှစ်သာရပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတောင် ပန်းချီပြခန်းတွင် ပန်းချီမျိုးသန့်ကျော်(ဖားကန့်)၏ တစ်ကိုယ်တော်သဘာဝနှင့် အလှမော်အမည်ဖြင့် ရေဆေးအကြည်ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

**မန္တလေး နိုဝင်ဘာ ၁**

ပန်းချီမျိုးသန့်ကျော်(ဖားကန့်)၏ သဘာဝနှင့် အလှမော် အမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေးတောင်ခြေ၊ ခြင်္သေ့ကြီးနှစ်ကောင် အနီးရှိ မန္တလေးတောင် ပန်းချီအရောင်းပြခန်း MANDALAY HILL ART GALLERY တွင် ဖွင့်လှစ်ပြသသည်။

ရှေးဦးစွာ ပန်းချီဆရာမကြီး ဒေါ်ခင်နန်းစံက မိတ်ဆက်စကား ပြောကြားပြီး ပန်းချီဆရာကြီး ဦးခင်မောင်သန်းက ဩဝါဒစကားကိုလည်းကောင်း၊ ပန်းချီဆရာ စိုးဝင်းအောင်က မုဒိတာစကားကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် ပန်းချီမျိုးသန့်ကျော်(ဖားကန့်)က ပန်းချီပြပွဲ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာမျိုးသန့်ကျော်(ဖားကန့်)၏ ရေဆေးအကြည် လက်ရာမွန် ပန်းချီကားချပ် ၅၂ ကားပြသထားလျက်ရှိရာ ပြပွဲအား နိုဝင်ဘာ ၁ ရက်မှ ၄ ရက်ထိ လေးရက်တိုင် နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီမြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(၀၇၀)

## မြင်းခြံမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**မြင်းခြံ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အကြိုစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်း သွေးလှူဒါန်းခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲ ပြုလုပ်ရာတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်၍ ဝန်ထမ်း ၁၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့သည်။ မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းကိုးဦး၊ တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦး သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများတွင် အသီးသီးသွေးလှူဒါန်းခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို စုပေါင်း သွေးလှူဒါန်းခဲ့သော ဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အားဖြည့်အချိုရည်များနှင့် အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၆၆)

(အပေါ်ဝဲပုံ)

၀-၀-၀-၀-၀

## စပါးတင်း ၁၀၀ ၏ဈေးနှုန်း ၁,၁၅၀,၀၀၀ ကျပ်ကို အခြေခံရည်ညွှန်းစပါးဈေးနှုန်းအဖြစ် သက်မှတ်ကြောင်း ထုတ်ပြန်ကြေညာ

**မန္တလေး နိုဝင်ဘာ ၁**

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်တွင် စပါးတင်း ၁၀၀ ၏ ဈေးနှုန်းကို ၁,၁၅၀,၀၀၀ ကျပ် သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်က တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို နှစ်စဉ် မိုးစပါးရိတ်သိမ်းချိန်တွင် ကြေညာလေ့ရှိသည်။

ယင်းကြေညာချက်တွင် စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁,၁၅၀,၀၀၀ ကျပ် သတ်မှတ်ခြင်း ဖြစ်သည်။

လက်ရှိ ဈေးကွက်ပေါက် ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။ ယခုသတ်မှတ်သော အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

**ရွှေမန်း**

**(အောက်ပုံ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့ရရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)တို့အား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်းပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့်စာရေးဆရာများ၏အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် ရဲမင်းစိုး ရေးသားသည့် **လေလှိုင်းကြားက အသက်ရှူသံများနှင့် (စစ်သည်နှလုံးသား ခံစားချက်ဝတ္ထုတိုများ)** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် ဇော်မင်းမင်းဦး ရေးသားသည့် **နယ်နိမိတ်နဲ့စည်းရိုး** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် ငွေးကြည် (စလင်း) ရေးသားသည့် **လက်ဖျော်ကော်ဖီ**စာအုပ် (ဆောင်းစုရတီစာပေတိုက်)၊ စာပဒေသာဆုတွင် မောင်ရိုး(ငဖဲ) ရေးသားသည့် **လွမ်းရတမ်းတပ္ပါ ငဖဲမြေ ကျွန်တော်တို့ရွာ ကျွန်တော်တို့လေ့-၂** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ ကလေးစာပေဆုတွင် သက်ဦးခင် ရေးသားသည့် **မြန်မာ့ရတနာ ကလေးကဗျာများ** စာအုပ် (စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် သက်ထွန်းဦး ရေးသားသည့် **လုပ်ငန်းငယ်များအတွက် မရှိမဖြစ် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လမ်းညွှန်** (ဓာတ်မြေစာပေတိုက်)၊ ဘာသာပြန် (ရသ)ဆုတွင် မြင်းမူမောင်နိုင်မိုးရေးသားသည့် **ခေတ်အဆက်ဆက်နှစ်သက်စရာ တရုတ်ကဗျာများ** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုတွင် အထူးဆုအနေဖြင့် တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် **ဗုဒ္ဓသာသနာထွန်းလင်းဖြာ** စာအုပ် (တာမိုးညဲစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဖိစီးမှုရှင်း သောကကင်း** စာအုပ် (သုတစွယ်စုံစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **ခေတ်သစ်လူထုသိပ္ပံကျမ်း** စာအုပ် (စာပေဗိမာန်)၊သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ရေးသားသည့် **မူးယစ်ဆေးစွဲခြင်းဆိုင်ရာသိပ္ပံပညာ** စာအုပ် (ရှင်မတောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် အလင်းဆက် (IR) ရေးသားသည့် **အင်ဒို-ပစိဖိတ်ဒေသ တရုတ်နှင့် အမေရိကန် မဟာဗျူဟာအခင်းအကျင်း** စာအုပ် (Satori Publishing စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Mra Hninzi ရေးသားသည့် **Myanmar Postage Stamps** စာအုပ် (တာမိုးညဲ စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် မင်းချမ်းမွန် ရေးသားသည့် **ကျွန်တော်တတိယ ရန်ကုန်မြို့တော်သား(ရသအက်ဆေးများ)** စာအုပ် (မင်းနှင့်မေစာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် DR. KHIN MAUNG LWIN (FAME) ရေးသားသည့် **MYANMAR MEDICINAL PLANT ENCYCLOPEDIA** စာအုပ် (Fame Publishing House စာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ငွေကျပ် သိန်း ၄၀ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၈-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့) တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ (မြန်မာစာ)၏ **အပွမာဒေန သမ္ပာဒေထ** ၊ ဒုတိယဆုကို မင်းဗေဒါ(ပွင့်ဖြူ)၏ **ကင်မရာတစ်ဆိုင်း ကလောင်တစ်ချောင်းဖြင့် မိုင်ပေါင်းရာထောင်ချီ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နိုင်မျိုးသစ္စာ (နမ္မတူ)၏ **ရှေ့နေမဟုတ်သော ရှေ့နေဝတ္ထုတိုများ** ၊ ဒုတိယဆုကို ကျော်တေဇ (ဥက္ကလာ)၏ **အတ္တမုန်တိုင်းကြားက နှလုံးသားပျိုးပင်နှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို နန္ဒာခင်(သက္ကလမြေ)၏ **ပိုးနှင့် အခြားသုတ၊ ရသဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ငွေးသစ်လွင် (ပရိမ္မ)၏ **ထနောင်းမြထီး ဘဝခရီး ကဗျာများ**၊ ဒုတိယဆုကို ယိမ်းနွဲ့၏ **သန္တရသ ခွန်အားပေးကဗျာများ**၊ တတိယဆုကို အောင်နိုင်သူ (ဖွဲကပင်)၏ **ရွှေပြည် မြန်မာအလှပဒေသာနှင့် လောကအလှကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **တွံတေးမြေမှာပွင့်လန်း တစ်ပွင့်ပန်း အာဇာနည် သို့မဟုတ် အောင်ဆန်းသူရိယဗိုလ်မှူးအေးချို**၊ ဒုတိယဆုကို ဆွေဇင်ညွန့်၏ **မှတ်သားလေ့လာ သမိုင်းသုတအဖြာဖြာ (ဆောင်းပါးပေါင်းချုပ်)**၊ တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ကုန်းဘောင်နှင့်ကိုလိုနီခေတ်လက်ရာ ထင်ရှားသော သစ်သားအဆောက်အအုံများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုး သိပ္ပံနှင့်အသုံးချသိပ္ပံ) ဆုတွင် ဒုတိယဆု(ရိုးရိုး)ကို ဒေါက်တာမြင့်သန်း၏ **အာရုံနှင့် စိတ်တို့ဖြစ်ပျက်ရာ ဦးနှောက်**၊ ဒုတိယဆု (အသုံးချ)ကို တိုးနိုင်ငွေး၏ **ဘာကြောင့် ရေအားလျှပ်စစ်ကို ရွေးချယ်သင့်သလဲနှင့်** တတိယဆု (အသုံးချ) ကို ရတနာစိုး (အမျိုးသားစာပေဆုရှင်)၏ **ကျန်းမာဖွံ့ဖြိုး၊ ဝင်ငွေတိုး၊ ပင်မှည့်စိုက်ပျိုး** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **အပြစ်မမြင် လမ်းသစ်ထွင်ကာ ညီညာဖြဖြ-တူလျှော်ကြစို့** ၊ ဒုတိယဆုကို သုတေသီမောင်ဟန်၏ **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အမေရိကန်ရောက် မြန်မာပညာတော်သင်တစ်ဦး၏မှတ်တမ်း**၊ တတိယဆုကို ဒေါက်တာကောင်းစံ၏ **အတွေ့အကြုံအဖုံဖုံ၊ စစ်မြေပြင် ဆေးမှူးဘဝ မှတ်တမ်းစုံ** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို စောပုလဲမယ်၏ **ရွှေတိဂုံစေတီတော် ဆီမီးခုံ ပတ်လည် မြန်မာမှု စဉ့်အနုပညာလက်ရာများ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို စစ်တွေညိုသန့်၏ **သားသမီးအလိမ္မာ ကလေးကဗျာများ** ၊ ဒုတိယဆုကို ခိုင်ချစ်အောင်၏ **ဝီရိယရှိသူ ထိပ်ဆုံးလူကလေးကဗျာများ**၊

*စာမျက်နှာ ၄ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၅၆ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိလာပါက ထိုက်တန် စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစားအဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ စတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီစံနှုန်းများနှင့် ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန် ၇ ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကူညီထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်နှင့် ဝန်ကြီးဌာနများမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးပြီး သင့်လျော်သည့် ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမအကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် သက်ဆိုင်ရာကဏ္ဍများအလိုက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့်ပါဝင်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မင်းဘူးမြို့၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်

မင်းဘူး နိုဝင်ဘာ ၁

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးငလျင်ဘေးသင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မင်းဘူးမြို့ ထောက်ရှာပင်ရေနံမြေ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ-ရေနံမြေ ဌာနများ၊ သက်ဆိုင်ရာအလုပ်ဌာနများမှ အလုပ်သမားများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း အလုပ်ဌာန ၁၄၀၈ ဌာနနှင့် အာမခံအလုပ်သမား ၁၈၀၄၇ ဦးရှိရာ မင်းဘူးမြို့နယ်တွင် အလုပ်ဌာန ၁၇၂ ဌာန၌ အာမခံအလုပ်သမား ၄၈၈၃ ဦးရှိသည့်အနက်၊ ၂၇ ဌာနမှ အာမခံအလုပ်သမား ၇၆၁ ဦးအား သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၄၄၈ သန်းကို တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးက အလုပ်ဌာနများကိုယ်စား ထောက်ရှာပင်ရေနံမြေမှ တာဝန်ရှိသူ တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဋ္ဌမအကြိမ် စုပေါင်းမဟာဘုံကထိန်အခမ်းအနား မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဋ္ဌမအကြိမ် စုပေါင်း မဟာဘုံကထိန် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ မန္တလေးမြို့ ညောင်ကန်တိုက်၊ ဓမ္မာစရိယအေးကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့်အဖွဲ့၊ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ညောင်ကန်တိုက်၊ ဓမ္မာစရိယအေးကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ညောင်ကန်တိုက် ဓမ္မာစရိယအေးကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အဖွဲ့၊ ဌာနဆိုင်ရာများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချနှင့် အနုမောဒနာတရား နာယူကြည်ညိုကြပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်း၍ နေ့ဆွမ်း ဆက်ကပ်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဋ္ဌမအကြိမ် စုပေါင်းမဟာဘုံကထိန် အခမ်းအနား၌ ပဒေသာပင် ၈၇ ခု၊ နဝကမ္မဝတ္ထုငွေကျပ် ၃၈၁၂၃၅၀၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၂၅၈၃၀၀ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၁၃၈၁၈၀၀ ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





# မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ မြတ်ကျော်စက်မှု (၂)မွှာရုံရှိ သံဃာတော်အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါမွှာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၈ ပါး၊ ဒေသခံပြည်သူ ၁၁၉ ဦး၊ စုစုပေါင်း ၁၈၇ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပေးပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။




ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၃၈)

# ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ တရော်ကုန်းရပ်ကွက် အောင်မြေရွှေဝါခန်းမတွင် ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အောင်လံခရိုင်၊ သရက်ခရိုင်တို့မှ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပိုးသတ်ဆေးကုမ္ပဏီဝန်ထမ်းများ၊ ပိုးသတ်ဆေးရောင်းချသူလုပ်ငန်းရှင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထွက်ရှိလာသောသီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ၊ သီးနှံစိုက်တောင်သူများ၊ ပိုးသတ်ဆေးအရောင်းဆိုင်များ၊ ဝယ်ယူကြိတ်ခွဲ သိုလှောင်ရောင်းချသူများ၊ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ အတူတကွ ပူးပေါင်းဆောင်ရွက်ပါက ပိုးသတ်ဆေး ခတ်ကြွင်းကင်းစင်သောသီးနှံများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာပညာရှင်များမှ သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးခတ်ကြွင်း ကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ မြေဆီလွှာအာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာစနစ်တကျ အချိန်ကိုက် အချိုးကျ သုံးစွဲရေးအကြောင်းများကို ပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပြီး ပညာပေးစာအုပ်နှင့် စာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

| အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၂ | - | ၂ | မန်ယူ |
| ပဲလေ့စ် | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၀ | အတ္တလန်တာ |
| နာပိုလီ | ၀ | - | ၀ | ကိုမို |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၁ | - | ၀ | နိစ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၄ | - | ၀ | ဗက်လက်ကာနို |
| အက်သလက်တီကို | ၃ | - | ၀ | ဆီဗီလာ |

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း (ခ) နန်းလုံခမ်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



"တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် နန်းရီရီဝင်း (ခေါ်) နန်းလုံခမ်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံမည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီအကြောင်း မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြပါရစေရှင်။ ၂၀၁၀ ခုနှစ်၊ မတ်လ (၂၄ - ၂၅) ရက်တို့တွင် ပအိုဝ်းအမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့ရာ အဆိုပါညီလာခံကို ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ခေါင်းဆောင်များ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)မှ ခေါင်းဆောင်များ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များ၊ ဦးခွန်ချစ်မောင် ဦးဆောင်သော(ရလလဖ)အဖွဲ့မှ ခေါင်းဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများမှ ခေါင်းဆောင်များ၊ ပအိုဝ်းလူမှုအဖွဲ့ အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ လူထုကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အစရှိသည့် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတို့တွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးကိုယ်စားပြုပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံနိုင်ရန် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ"ကို ဖွဲ့စည်းတည်ထောင်သွားရန် တက်ရောက်လာသူ ညီလာခံ ကိုယ်စားလှယ်အားလုံးတို့က သဘောတူညီခဲ့ကြသဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ"ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများရှင် - ပအိုဝ်းတိုင်းရင်းသားနှင့်အတူနေ ညီနောင်တိုင်းရင်းသား မိဘပြည်သူတို့၏ တစ်ခဲနက် အားပေးဝန်းရံထောက်ခံခဲ့မှုတို့ကြောင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးလုံး ရွေးကောက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးကောက်ခံခဲ့ရပါတယ်ရှင်။ ထိုသို့ ရွေးကောက်ခံခဲ့ကြရသဖြင့် လွှတ်တော်အသီးသီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်တို့သည် နိုင်ငံတော်နှင့် မိဘပြည်သူတို့၏ အကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ပေးခဲ့ကြပါတယ်ရှင်။

ရွေးကောက်ပွဲအသီးသီးတို့တွင် အနိုင်ရရှိခဲ့သော ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် "လူမှုစီးပွားဘဝ မြင့်မားဖို့ နဂါးကို မဲပေးစို့" ဟူသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်၊ "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကို မဲပေးကြစို့"ဟူသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်နှင့် "လူမှုစီးပွားတိုးတက်ဖို့ 'နဂါး' မဲကို ထည့်ကြစို့"ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်တို့ အတိုင်း နိုင်ငံတော်နှင့် မိဘပြည်သူလူထုတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို ရှေးရှုကာ NCA ပြဋ္ဌာန်းချက်တို့နှင့်အညီ "ပအိုဝ်း"လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဦးစီးဦးဆောင်ကျင်းပခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတို့တွင် အလေးထား ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေတို့ ပြဋ္ဌာန်းလာနိုင်စေရန် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုတို့၏ လိုအပ်ချက်တို့ကို သိရှိဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူငယ်နှင့် အမျိုးသမီးစွမ်းရည် မြှင့်တင်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မိဘပြည်သူတို့အတွက် အချိန်နှင့်အမျှ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် အဆိုများ တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော် အစည်းအဝေးတို့တွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြ မေးခွန်းများကို တင်ပြမေးမြန်းခြင်း၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေသည့် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုသည့် အားကစားလှုပ်ရှားမှုတို့ကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် မိဘပြည်သူများအား ပံ့ပိုးကူညီပေးခြင်း၊ လူငယ်ကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ပပျောက်ရေး အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း အစရှိသည့် မိဘပြည်သူအကျိုးပြုလုပ်ငန်းများကို လွှတ်တော်များမှတစ်ဆင့်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအသီးသီးတို့နှင့် လက်တွဲဆောင်ရွက်၍သော်လည်းကောင်း၊ ဒေသခံမိဘပြည်သူလူထုတို့နှင့် ညှိနှိုင်းပေါင်းစပ်၍သော်လည်းကောင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းနှင့် မိဘပြည်သူလူထု အကျိုးပြုလုပ်ငန်းတို့ကို ကျွန်မတို့ပါတီက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် - ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထုကြားမှ ပေါက်ဖွားလာသော ပါတီတစ်ရပ်ဖြစ်သဖြင့် မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ပါတီ၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များ အဖြစ် အလေးအနက်ခံယူကာ အဆိုပါ မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် အစဉ်တစိုက် နည်းလမ်းကောင်းများကိုရှာဖွေပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ လက်ရှိကာလတွင် မိဘပြည်သူလူထုတို့အတွက် အဓိကလိုအပ်နေသည့် လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ပင် ဖြစ်ကြောင်းကို သိမြင်တွေ့ရှိရပါတယ်ရှင်။ ဒေသတည်ငြိမ်အေးချမ်းပါမှ မိဘပြည်သူလူထုတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများ အားလုံးအတွက် အသက်တမျှ အရေးကြီးနေသော အရေးကိစ္စပင် ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ရာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့" ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်အတိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းကို မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ အဆိုပါ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားနိုင်ရန် လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အတွက် ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ်ပေါင်း ၂၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံသွားမှာဖြစ်ပါကြောင်း မိဘပြည်သူလူထုတို့အား အသိပေး တင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးတို့သည် နိုင်ငံ့ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ ပြည့်ဝကြပြီး စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကာ အားလုံးနီးပါးတို့သည် ပညာရပ်အသီးသီးတို့၌ တတ်မြောက်ဘွဲ့ရကြသူများ ဖြစ်ကြပါတယ်ရှင်။ မျိုးဆက်သစ်လူငယ်နှင့် အမျိုးသမီးတို့ ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် အသက် ၄၀ အောက် လူငယ် ၅၉% နှင့် အမျိုးသမီး ၂၀% ပါဝင်ပါကြောင်းကိုလည်း မဲဆန္ဒရှင်မိဘပြည်သူတို့အား လေးစားစွာ အသိပေးတင်ပြအပ်ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် - ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ အလေးထား ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင် -

(၁) ဒေသငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထား ဆောင်ရွက်သွားမည်။

(၂) လူမျိုးဘာသာမရွေး လူသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေး အတွက် အလေးထားဆောင်ရွက်သွားမည်။

(၃) ပြည်သူလူထု လုံခြုံမှုရှိရေး၊ ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွား မြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်။



(၄) လူငယ်များ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် နည်းပညာကို အခြေခံသော စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ပအိုဝ်းလူမျိုးနှင့် အတူနေ ညီနောင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များနှင့် အခွင့်အရေးများအားလုံးကို အလေးထား ကာကွယ်စောင့်ရှောက်မြှင့်တင်သွားမည်။

(၇) ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့် လျော်ညီသည့် ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များရရှိအောင် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်သွားမည်။

(၈) အထူးဒေသ(၆)အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းရေးအတွက် စည်းရုံးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားမည်။

(၉) အထူးဒေသ(၆)နှင့် ပအိုဝ်းလူမျိုးများ နေထိုင်ရာဒေသ ပေါ်လွင်ထင်ရှားမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်တို့ပဲ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် မိဘပြည်သူလူထုတို့က ရွေးကောက်တင်မြှောက်စေလွှတ်ပါက မိဘပြည်သူလူထုတို့ကိုယ်စား နိုင်ငံ့ရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့ကို မိဘပြည်သူတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီကို မိဘပြည်သူလူထုတို့က အားပေးဝန်းရံ ဆန္ဒမဲပေးကြလိမ့်မည်ဟုလည်း ကျွန်မတို့ပါတီက မိဘပြည်သူလူထုတို့ကို အပြည့်အဝ ယုံကြည်အားကိုးပါကြောင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် မိဘပြည်သူတစ်ဦးချင်းစီတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ရှင်။ ကြည့်ရှုနားဆင်ခဲ့ကြသည့် မိဘပြည်သူလူထုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

"တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

**ပါတီ၏ သီချင်းစာသား (ဘာသာပြန်)**

**တိုင်းပြုပြည်ပြုရတနာ**

- အနက်ရောင် ရိုးရာဝတ်စုံကို ပအိုဝ်းဓာတိဓလေ့ထုံးတမ်းတို့နှင့်အညီ ဆင်မြန်းကြလို့ကွယ်၊
- ပအိုဝ်းစကားကိုလည်း ပြောဆိုကြလို့ကွယ်၊ ပအိုဝ်းစာကိုလည်း သင်ယူတတ်မြောက်ကြပါပေတယ်၊
- မျိုးချစ်စိတ်အပြည့်နဲ့ အမျိုးသားအရေးတို့ကို အလေးထား ဦးဆောင်ဦးရွက် တာဝန်ထမ်းကြပါပေတယ်၊
- ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ တွဲလက်ကိုမဖြုတ်ဘဲ အမျိုးသားတာဝန်ကို ကိုယ်စီထမ်းရွက်ကြပါပေတယ်၊
- တိုးတက်မြင့်မားရာကို ထွန်းပေါက်ရောက်ရှိဖို့ရာ စိတ်မှာ အောင်အဓိဋ္ဌာန်ထားရှိပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း ပအိုဝ်းဖြစ်ရ ဤဘဝ တခဏဝယ် "ပအိုဝ်းရတနာ"လို့ ခေါ်တွင်ထိုက်စေရမယ်၊ မင်းမျိုးဝိဇ္ဇာ နဂါးမျိုးနွယ်တို့ "ပအိုဝ်းရတနာ"တွေပဲကွယ်၊
- တို့တစ်တွေ နေထိုင်တဲ့ဒေသဟာ သတင်းမွှေးပျံ့နေတဲ့ သာယာသော တိုင်းပြည် ဖြစ်နေစေဖို့ပါ၊
- ရာသီဥတု မျှတပြီး စိုက်ပျိုးရေးလုပ်ငန်း အသီးအပွင့်များ ဖြစ်ထွန်းကာ အသက်မွေးဝမ်းကျောင်း စီးပွားရေးအောင်မြင်ထွန်းကားပြီး ကျန်းမာရေး ကောင်းမွန်တဲ့ တို့ရေမြေမှာ သာသနာလည်း ထွန်းကားလို့ တည်ငြိမ်အေးချမ်းတာမို့ တို့ရတနာ တိုင်းပြည်မှာ အိုးစည်ဗုံမောင်းသံသာတွေ ဟီးထပ်နေလို့ပါပဲကွယ်၊
- "မင်းကောင်း"လို့ ကျော်ကြားနေတဲ့ "နဂါး" အမှတ်တံဆိပ်ကို တို့ရင်ထဲ စွဲမြဲတာမို့ "နဂါး"ကို တို့တစ်တွေအားလုံး မဲပေးကြပါစို့၊
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ လူထုအကျိုးကို ဦးဆောင်သယ်ပိုးတဲ့ အဖွဲ့ပါ၊
- ရွေးကောက်ပွဲဟာ ပြန်လည်ရောက်ရှိလာပြီမို့ ဒီတစ်ကြိမ်လည်း တို့အခွင့်အရေးတွေ မဆုံးရှုံးရအောင်ကွယ်၊ ကံ(စေတနာ)ကောင်းခြင်း၊ ကံ(စေတနာ)မြင့်မားခြင်းတို့နှင့်အတူ မင်းမျိုးညီနောင် တို့ပအိုဝ်း တိုင်းပြုပြည်ပြုရတနာတွေ အရွေးကောက်ခံထိုက်ပါပေတယ်ကွယ်။

# လူငယ်များကြား၌ ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှု အန္တရာယ်မြင့်တက်လာကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီ သတိပေး

**လန်ဒန် နိုဝင်ဘာ ၁**

ကလေးသူငယ်များနှင့် လူငယ်များ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားများတွင် ဦးနှောက်အမြှေးရောင်ရောဂါနှင့် သွေးဆိပ်တက်ခြင်းဖြစ်ပွားမှု မြင့်မားလာသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု ဗြိတိန်ကျန်းမာရေးအေဂျင်စီက အောက်တိုဘာ ၃၀ ရက်က သတိပေးခဲ့သည်။

ဗြိတိန်ကျန်းမာရေး လုံခြုံရေးအေဂျင်စီ၏ စာရင်းဇယားများအရ ၂၀၂၄ -၂၀၂၅ ခုနှစ်အတွင်း ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှုအရေအတွက်သည် ၃၇၈ ဦး အထိရှိပြီး ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၃၄၀ တိုးလာကြောင်း သိရသည်။ ရောဂါဖြစ်ပွားမှုအများစုသည် ကလေးများနှင့် လူငယ်လူရွယ်များ၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဦးနှောက်အမြှေးရောင် MenB မျိုးကွဲသည် ကလေးငယ်များ၌ ၉၀ ရာခိုင်နှုန်းနှင့် အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ်များတွင်လည်း အဖြစ်များကြောင်း စာရင်းဇယားများအရ သိရသည်။

တက္ကသိုလ်ပညာသင်ရန် ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေထိုင်ရခြင်းနှင့် အတူတကွနေထိုင်ရခြင်းတို့ကြောင့် ဦးနှောက် အမြှေးရောင်ရောဂါဖြစ်ပွားမှု မြင့်မားသည့် အုပ်စုထဲတွင်ပါဝင်နေကြောင်း ကျန်းမာရေးအရာရှိများက သတိပေးပြောကြားခဲ့သည်။

နို့စို့အရွယ်ကလေးများနှင့် ဆယ်ကျော်သက် အရွယ်များ၌ ကာကွယ်ဆေးထိုးနှံမှုနှုန်း ကျဆင်းလာခြင်းကလည်း အဆိုပါအန္တရာယ်ကိုပိုမိုမြင့်တက်လာစေသည်။ ရောဂါလက္ခဏာများမှာ အဖျားကြီးခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ လည်ပင်းတောင့်ခြင်း၊ အလင်းဒဏ်မခံနိုင်ခြင်းနှင့် အရေပြားတွင် အဖုအပိမ့်ထွက်ခြင်းတို့ဖြစ်သည်။

ပြင်းထန်သော ရောဂါအခြေအနေများနှင့် သေဆုံးခြင်းတို့မှ ကာကွယ်ရန် ကာကွယ်ဆေးထိုးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

# တောင်ဆူဒန်နိုင်ငံ၌ ရေဘေးသင့်မှုများကြောင့် လူသားချင်းစာနာမှုအခြေအနေများ ပိုမိုဆိုးရွားလာ

**ဂျူဘား နိုဝင်ဘာ ၁**

တောင်ဆူဒန် နိုင်ငံတစ်ဝန်း ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် လူပေါင်း တစ်သန်းကျော် ဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ အေဂျင်စီက ပြောသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) ကလည်း အောက်တိုဘာ ၃၀ ရက်အထိ ဒေသ ၁၈ ခုမှ လူပေါင်း ၃၅၅၀၀၀ နီးပါးမှာ ဘေးလွတ်ရာ တိမ်းရှောင်ခဲ့ကြရကြောင်း အောက်တိုဘာ ၃၀ ရက်က ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုကြောင့် နေအိမ်များ၊ လယ်ယာမြေများနှင့် အရေးကြီးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်များကြောင့် ပဋိပက္ခများ၊ စားရေရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသော တောင်ဆူဒန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားသွားစေခဲ့သည်။

အစီရင်ခံစာများအရ အသက်ငါးနှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့်အတူ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ အဆုတ်ရောင်နှင့် ကာလဝမ်းရောဂါ ဖြစ်ပွားမှုများ မြင့်တက်လာနေကြောင်း သိရသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံတစ်ဝန်း အမျိုးသားအဆင့် အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများစတင်

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**



အီရတ်လျှပ်စစ်ဝန်ကြီး ဇီယက်ဒ် အလီဖာဒဲလ်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဓာတ်အားလိုင်းထဲသို့ ပေါင်းစပ်ထည့်သွင်းရန်နှင့် တိုင်းပြည်၏ ကာလရှည်လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို လျှော့ချပေးနိုင်ရန် ရည်ရွယ်ကာ ပြည်နယ်အားလုံးတွင် အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ကို အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတွင် မဂ္ဂါဝပ်အများအပြားထွက်ရှိသော စီမံကိန်းများပါဝင်ပြီး ၎င်းတို့အနက် ၁၀၀၀ မဂ္ဂါဝပ်ရှိသော ရှမ်အယ်လ်-ဘက်ဆရာစက်ရုံ၊ ဆော်ဒီအာရေဗျနိုင်ငံ ACWA Power မှ ဦးဆောင်မည့် Dhi Qar ပြည်နယ် ရှိ မဂ္ဂါဝပ် ၄၅၀ စက်ရုံတစ်ရုံနှင့် နာဂျာဖ်မြို့ရှိ ၁၀၀၀ မဂ္ဂါဝပ်စက်ရုံကို စတင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်အီရတ်သတင်းအေဂျင်စီက ဖာဒဲလ်၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

ဘေဘီလုံနှင့် ကာဘာလာမြို့တို့တွင် နောက်ထပ်စီမံကိန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ နီနင်ဗေးမြို့ (၅၀၀ မဂ္ဂါဝပ်)၊ အန်ဘာမြို့ (၄၀၀ မဂ္ဂါဝပ်) နှင့် ဆလာဟွတ်ဒင် ပြည်နယ်ရှိ ဘာလတ်မြို့တို့တွင်လည်း စက်ရုံအသစ်များ တည်ဆောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အီရတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်နောက်ပိုင်း လျှပ်စစ်ဓာတ်အား ဆိုးရွားစွာ ပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အပြင် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများမှာလည်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကြောင့် အနှောင့်အယှက် အဟန့်အတားများစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

■

# ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့တွင် ရေကျပြီးနောက် သန့်ရှင်းရေးလုပ်ငန်းများ စတင်လုပ်ဆောင်

**ဟနွိုင်း နိုဝင်ဘာ ၁**

ဗီယက်နမ်နိုင်ငံရှိ ယူနက်စကိုစာရင်းဝင် ရှေးဟောင်းမြို့တော် ဟွိုင်အန်းမှ ဒေသခံများသည် ဗဟိုဒေသတစ်လျှောက် သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့ပြီး




ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေခဲ့သည့် ရက်ပေါင်းများစွာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများ လျော့ကျသွားပြီးနောက် နိုဝင်ဘာလ ၁ ရက်တွင် သန့်ရှင်းရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရေကြီးမှုသည် ဟွိုင်အန်းမြို့၏ မီးပုံးများဖြင့် အလှဆင်ထားသော လမ်းများနှင့် နှစ်ပေါင်းရာချီ သက်တမ်းရှိ သစ်သားအိမ်များတွင် ရေလျှံစေခဲ့ရာ ယခုကဲ့သို့ အကြီးစားရေကြီးမှုကို တစ်ခါမှမကြုံဖူးကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

ရေများကျဆင်းသွားချိန်တွင် ဆိုင်ပိုင်ရှင်များနှင့် ဒေသခံများသည် ဆိုင်ရှေ့မျက်နှာစာများမှ ရွှံ့ညွန်များကို ရှင်းလင်းခြင်း၊ ပရိဘောဂများကို ပြုပြင်ခြင်းနှင့် ခရီးသွားများကို ပြန်လည်ကြိုဆိုရန် မကြာမီပြန်လည်ဖွင့်လှစ်နိုင်ရေး မျှော်လင့်ချက်ဖြင့် လျှပ်စစ်မီးပြန်လည်ရရှိရန် လုပ်ဆောင်ခဲ့ကြသည်။

"အရာအားလုံး ရေကြီးမှုကြောင့် လျော့ချသွားပြီး သိသာထင်ရှားတဲ့ ပျက်စီးမှုတွေ ဖြစ်ခဲ့ပါတယ်" ဟု အသက် ၄၀ အရွယ် စားသောက်ဆိုင်ပိုင်ရှင် ဒန်ကွပ်ဒတ်က ပြောကြားသည်။

ဟွိုင်အန်းမြို့ဒေသခံများသည် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်စတင်နိုင်ရန် အပြင်းအထန် ကြိုးပမ်းနေကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# နက်စ် ပေရီယာချစ်ပ်များ တင်ပို့မှု ပိတ်ပင်ချက်အချို့ကို တရုတ်နိုင်ငံက ပြန်လည်ကင်းလွတ်ခွင့်ပြုလိုက်ပြီဟု ဆို



**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံသည် နယ်သာလန်အရာရှိများနှင့် ဖြစ်ပွားခဲ့သော အငြင်းပွားမှုကြောင့် ချမှတ်ထားသည့် တင်ပို့မှု ပိတ်ပင်ချက်မှ နက်စ် ပေရီယာချစ်ပ်အချို့ကို ကင်းလွတ်ခွင့်ပြုမည်ဟု နိုဝင်ဘာ ၁ ရက်တွင် အတည်ပြုခဲ့ပြီးနောက် ဥရောပစီးပွားရေးလုပ်ငန်းများ စိုးရိမ်ပူပန်မှုကို ပြေလျော့စေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ချစ်ပ်ပြား ပြတ်လပ်မှုအပေါ် စိုးရိမ်ပူပန်မှုများသည် စက်တင်ဘာလနှောင်းပိုင်းတွင် နယ်သာလန်က စစ်အေးခေတ် ဥပဒေတစ်ရပ်ကို ကိုးကား၍ ၎င်း၏ မိခင်ကုမ္ပဏီဖြစ်သော တရုတ်အစိုးရ၏ ထောက်ပံ့မှုရရှိထားသည့် ဝင်းတက်ကုမ္ပဏီပိုင်ဆိုင်သော နက်စ် ပေရီယာကို ထိထိရောက်ရောက် ထိန်းချုပ်လိုက်ချိန်မှ စတင်ခဲ့သည်။

တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် နက်စ် ပေရီယာချစ်ပ်များကို ဥရောပသို့ ပြန်လည်တင်ပို့ခြင်းအား ပိတ်ပင်ခဲ့ပြီး နက်စ်ပေရီယာ၏ တရုတ်လူမျိုး အမှုဆောင်အရာရှိချုပ်ကို ဖယ်ရှားရန် အထိ ဆုံးဖြတ်ခဲ့သည်။

ယင်းကဲ့သို့ ကင်းလွတ်ခွင့်ပြုခြင်းသည် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်ကို ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိစေရန် အတွက် အနည်းငယ်သော အပြောင်းအလဲ ဖြစ်စေနိုင်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀

# ဂီဇာပိရမစ်ကြီးအနီး ခေတ်သစ်ပြတိုက်ကြီး စတင်ဖွင့်လှစ် အီဂျစ်သမိုင်းမှ ရှေးဟောင်းပစ္စည်း တစ်သိန်းခန့် ပြသထား

**ကိုင်ရို နိုဝင်ဘာ ၁**

ကမ္ဘာ့ရှေးဟောင်းအံ့ဖွယ် ခုနစ်ပါးထဲမှ တစ်ခုဖြစ်သည့် ဂီဇာရှိခူဖူးဘုရင်၏ ပိရမစ်ကြီးအနီးတွင် အီဂျစ်နိုင်ငံက ခေတ်သစ်၏ ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာအဖြစ် ရည်ရွယ်ထားသော ပြတိုက်ကြီးကို ယမန်နေ့က တရားဝင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းသုတေသနပြတိုက်ဟု ဖော်ပြကြသည့် မဟာအီဂျစ်ပြတိုက်၌ ဘီစီ ၇ ထောင်စုနှစ်ခန့်က ပေါ်ပေါက်ခဲ့သော ဘုရင်မ မပေါ်ပေါက်မီခေတ်မှ ဂရိနှင့် ရောမခေတ်အထိ အီဂျစ်နိုင်ငံသမိုင်းတစ်လျှောက်မှ ရှေးဟောင်းပစ္စည်း တစ်သိန်းခန့်ကို ပြသထားသည်။

ထင်ရှားသော အီဂျစ်ဗေဒပညာရှင်တို့က ယင်းပြတိုက်ကို တည်ထောင်ခြင်းသည် ဗြိတိသျှပြတိုက်တွင် ပြသထားသည့် နာမည်ကျော် ရိုဆက်တာကျောက်စာအပါအဝင် အခြားနိုင်ငံများရှိ အီဂျစ်ရှေးဟောင်းပစ္စည်းများကို ပြန်လည်ပေးအပ်ရန် ၎င်းတို့၏ တောင်းဆိုမှုကို ပိုမိုအားကောင်းစေသည်ဟု ထောက်ပြကြသည်။

ထိုပြတိုက်၏ အဓိကဆွဲဆောင်မှုမှာ ဗြိတိသျှ အီဂျစ်ဗေဒပညာရှင် ဟောင်းဝပ်ကာတာက တွေ့ရှိခဲ့သည့် အပျက်အစီးမရှိသော ဘုရင်ကလေး တူတန်ခမန်၏ ဂူအတွင်းမှ ပစ္စည်းအားလုံးကို ရှာဖွေတွေ့ရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် စုပေါင်းပြသထားခြင်းဖြစ်ရာ ယင်းပစ္စည်းများတွင် တူတန်ခမန်၏ ခမ်းနားထည်ဝါသော ရွှေမျက်နှာဖုံး၊ ရာဇပလ္လင်နှင့် စစ်ရထားများ ပါဝင်ကြောင်း သိရသည်။ Mon

❍ စာမျက်နှာ ၂၄ မှ

ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်၍ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မဲခရိုင် ကုသရေးဦးစီးဌာနအနေဖြင့် ကျောက်မဲမြို့ "လာဘမုနိ" တရုတ်ဘုံကျောင်း၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ (ယာယီ) ဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ တိုင်းရင်းသားပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ လူနာ ၃၃၈၅ ဦးအား လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ လုပ်ငန်း(ယာယီ) ရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်တိုက်နယ် ဆေးရုံကို ၂၀၂၅ ခုနှစ် အောက်တိုဘာ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ထားရှိပြီး ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာန ခြောက်ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမ ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက်(၁၅)နှစ်အောက်ကလေး



များအား အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အသက် ၁၅ နှစ်အောက် စုစုပေါင်း ၃၇၂၃ ဦးအား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

*စာမျက်နှာ ၂၄ မှ

| | |
|---|---|
| တောင်ငူဘူတာ - (၀၉-၈၈၀၉၄၂၆၀၄) | ပျဉ်းမနားဘူတာ - (၀၉-၈၈၀၉၄၂၆၀၁) |
| နေပြည်တော်ဘူတာ - (၀၉-၈၈၀၉၄၂၆၀၂) | တပ်ကုန်းဘူတာ - (၀၉-၈၈၀၉၄၂၆၁၃) |
| ပျော်ဘွယ်ဘူတာ - (၀၉-၈၈၀၉၄၂၆၀၇) | သာစည်ဘူတာ - (၀၉-၈၈၀၉၄၂၆၁၀) |
| ကျောက်ဆည်ဘူတာ- (၀၉-၈၈၀၉၄၂၆၁၁) | မန္တလေးဘူတာ - (၀၉-၈၈၀၉၄၂၆၁၂) |

၂။ ခရီးသွားမည့်သူက အထက်ပါသက်ဆိုင်ရာ တယ်လီဖုန်းအမှတ်သို့ ဖုန်းအဆက်အသွယ်ရရှိသည့်အခါ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက အောက်ပါအချက်အလက်များကိုမေးမြန်း၍ မှတ်တမ်းတင်ထားရှိပါမည်-

(က) ခရီးသွားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ခ) ရထားစီးနင်းလိုက်ပါလိုသည့် နေ့ရက်၊ ခရီးစဉ်၊ ရထားအမှတ်နှင့် တွဲအတန်းအစား။

၃။ ထို့နောက် ခရီးသွားမည့်နေ့ရက်မတိုင်မီ (၃)ရက်အလိုတွင် အဆိုပါဖုန်းနံပါတ်သို့ ထပ်မံဖုန်းဆက်သွယ်ရပါမည်။ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက ခရီးသွားမည့်သူ၏ ခရီးစဉ်အတိုင်း ထိုင်ခုံနေရာ လစ်လပ်မှုရှိပါက ခရီးသွားမည့်သူထံသို့ Viber မှတစ်ဆင့် လက်မှတ်ကျသင့်ငွေပမာဏနှင့် MMQR Code အားပေးပို့ပါမည်။ ခရီးသွားမည့်သူက မည်သည့် Online Payment အမျိုးအစားနှင့်မဆို MMQR ဖြင့် ငွေပေးချေနိုင်ပြီး မီးရထားဝန်ထမ်းနှင့် ဆက်သွယ်မှုပြုလုပ်ပြီးသည်မှ (၁) နာရီအတွင်း ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို Screenshot ပြုလုပ်၍ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်း၏ အထက်ပါ သက်ဆိုင်ရာ ဖုန်း/ Viber အမှတ်သို့ ပြန်လည်ပေးပို့ရပါမည်။ မီးရထားဝန်ထမ်းက ငွေပေးသွင်းပြီးကြောင်း အထောက်အထားရရှိပါက ခရီးသွားမည့်သူ၏ထံသို့ စီးနင်းလိုက်ပါရမည့် ခရီးစဉ်အတိုင်း တွဲ/ထိုင်ခုံနံပါတ်တို့အား ပြန်လည် ပေးပို့ပါမည်။ ခရီးသွားမည့်သူသည် သက်ဆိုင်ရာ ရထားစီးနင်းမည့်ဘူတာသို့ ရထားမထွက်ခွာမီ (၁)နာရီအလို ကြိုတင်လာရောက်၍ ဘူတာလက်မှတ်ရုံ၌ ငွေပေးသွင်းပြီးကြောင်း အထောက်အထားပြသ၍ ရထားလက်မှတ်အား တောင်းခံထုတ်ယူရပါမည်။

၄။ ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များအား ပိုမိုအဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ကြစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်များအား Online မှ ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System - ORTP ) စနစ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း အဆိုပါစနစ်အား ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးနေသော လူစီးရထားများအတွက် ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်ခအပိုကြေးပေးရခြင်း၊ လက်မှတ်မှောင်ခိုဝယ်ယူရခြင်းများ ကြုံတွေ့ရပါကလည်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | အထွေထွေမန်နေဂျာ(စီးပွားရေး) | ၀၉-၈၉၁၇၅၀၀၀၈ |
| ( ခ) | ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉-၈၉၁၇၅၀၁၃၆ |
| ( ဂ) | လက်ထောက်အထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉- ၈၉၁၇၅၀၁၃၉ |
| (ဃ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉-၈၉၁၇၅၀၀၂၁ |
| ( င) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉-၈၉၁၇၅၀၀၂၀ |
| ( စ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉-၈၉၁၇၅၀၀၁၉ |
| (ဆ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉-၈၉၁၇၅၀၁၀၁ |
| ( ဇ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၄) သာစည် | ၀၉- ၈၉၁၇၅၀၁၀၃ |
| (ဈ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉- ၈၉၁၇၅၀၁၀၅ |
| (ည) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၆) ရန်ကုန် | ၀၉- ၈၉၁၇၅၀၁၀၇ |
| ( ဋ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉- ၈၉၁၇၅၀၁၀၉ |

## အကျဉ်းသားများ အရေးပေါ်ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ် ငါးသိန်းနှင့်အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသောခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၁

ကလေးအကျဉ်းထောင်၌ အကျဉ်းသားများ အရေးပေါ်ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ်ငါးသိန်းနှင့်အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၄ ရက်က မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာတွင် ကလေးအကျဉ်းထောင်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို မည်သည့်အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် ငွေကြေးတစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်မှုမရှိစေရန် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ခံအရာရှိတို့က အမြဲကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ဆရာဝန်၊ ကျန်းမာရေးမှူး(၁)၊ သူနာပြု သုံးဦးတို့က နေ့စဉ် အိပ်ဆောင်/တိုက်ခန်းများအလိုက် Mobile Team စနစ်ဖြင့် လှည့်လည်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကယ်၍ ပြင်ပဆေးရုံသို့ တင်ပို့ကုသရန်လိုအပ်ပါက အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများက တာဝန်ခံအရာရှိထံတင်ပြပြီး ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးအကျဉ်းထောင်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ နေ့ချင်းပြန် သွားရောက်ပြသရသည့် အကျဉ်းသား ၁၀၆ ဦး၊ အကျဉ်းသူ ၉၇ ဦး၊ စုစုပေါင်း ၂၀၃ ဦးနှင့် ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသရသည့် အကျဉ်းသား ၄၂ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ အချုပ်သားငါးဦး၊ ပေါင်း ၅၅ ဦးရှိကြောင်း သိရသည်။

ထို့ပြင် Khit Thit Media က ရေးသားဖော်ပြထားသကဲ့သို့ ကလေးအကျဉ်းထောင်၌ အာရုံကြောဆိုင်ရာ ရောဂါများကြောင့် ခြေထောက်များ လှုပ်မရသည့်အတွက် မသန်စွမ်းဖြစ်သွားသော အကျဉ်းသား/အချုပ်သား တစ်ဦးတစ်ယောက်မျှမရှိဘဲ အကျဉ်းထောင်ရှိ မသန်စွမ်းအကျဉ်းသား လေးဦး(ယာဘက်ဒူးဆစ်အောက်မှ ဖြတ်ထားသူ နှစ်ဦး၊ ယာဘက်လက်တံတောင်ဆစ်မှ ဖြတ်ထားသူ တစ်ဦး၊ ယာဘက်မျက်လုံးမမြင်သူတစ်ဦး)တို့သည်လည်း ၎င်းတို့ ပြင်ပ၌ နေထိုင်စဉ်ကတည်းက ရရှိခဲ့သော ဒဏ်ရာများသာဖြစ်ကြောင်း။

နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ကလေးအကျဉ်းထောင်မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များသည် တာဝန်ခံအရာရှိ၏ ခွင့်ပြုချက်ရရှိမှသာ ဌာနပြင်ပသွားလာခွင့်ရှိပါကြောင်း၊ မည်သည့် KTV ဆိုင်မှ ဖွင့်လှစ်ခြင်းမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသားဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၁

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ မ----၊ ၂၈/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Dora(@ dod 45703 cby)အကောင့်မှ တရုတ်ချစ်သူလုပ်၍ရကြောင်း၊ မြန်မာနိုင်ငံတွင် ငွေချေပေးမည်၊ အဆင်ပြေပါက ယွမ် ၂၀၀၀၀ ပေးမည်၊ တရုတ်နိုင်ငံတွင် နေထိုင်ရမည်ဖြစ်ကြောင်း ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေ အကောင့်ပိုင်ရှင် မေသက်ပိုင်က အပြင်မှာတွေ့ဆုံလို၍ မန္တလေးမြို့ ၇၄ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ လာရောက်ရန် ချိန်းဆိုသဖြင့် သွားရောက်ခဲ့ရာ မေသက်ပိုင် စေလွှတ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မျိုးမျိုးသော်ထွန်းက ရောက်ရှိလာပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးမည့် တရုတ်နိုင်ငံ ရွှေလီမြို့နေ နန်းဆိုင်လင်းဝမ် (ခ) မနန်းဆိုသူထံ ဓာတ်ပုံနှင့် ဗီဒီယိုပို့ပေးရန် လိုအပ်သည်ဟု ပြောဆို၍ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ယူခဲ့သည်။

ယင်းနောက် လမ်းစရိတ်ငွေကျပ် ၂၀၀၀၀ ပေးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်း(ပ) ၃၈/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မျိုးမျိုးသော်ထွန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မေသက်ပိုင်နှင့် နန်းဆိုင်လင်းဝမ်(ခ)မနန်းတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ဘာပေ ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်



**မက်ဒရစ် နိုဝင်ဘာ ၁**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး ဂိုး ၆၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ဒီအသင်းက ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ဘိုဝင်ကို ခေါ်ယူရန် စပါးအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၁**

စပါးအသင်းသည် ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား ဘိုဝင်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၈ ပွဲကစားပြီး ၇၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း ဘိုဝင်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ ဘိုဝင်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**ပဲရစ် နိုဝင်ဘာ ၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၂-၆၊ ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။



2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် ကျေနပ်မိကြောင်း အာနီဆလော့ပြောကြား

**လန်ဒန် နိုဝင်ဘာ ၁**

လီဗာပူးအသင်းနည်းပြ အာနီဆလော့က မိမိအနေဖြင့် လက်ရှိ ကစားသမားများ၏ စွမ်းဆောင်ရည်ကိုလည်း ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



လီဗာပူးအသင်းသည် နောက်ဆုံး ခုနစ်ပွဲတွင် ခြောက်ပွဲဆက် အရှုံးနိမ့်ထားသော်လည်း နည်းပြ အာနီဆလော့က လက်ရှိ ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် ကျေနပ်လျက်ရှိနေသည်။

နည်းပြ အာနီဆလော့သည် လီဗာပူးအသင်းအား ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၀ ပွဲတွင် ၄၆ ပွဲနိုင်၊ ၁၀ ပွဲ သရေ၊ ၁၅ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ အာနီဆလော့က "ရှုံးပွဲနှင့် ကြုံတွေ့ရပေမယ့်လည်း ကစားသမားများ၏ စွမ်းဆောင်ရည်ကို အားရကျေနပ်မိပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကိုတော့ အနိုင်ရရှိအောင် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

******

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ထိဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၅ | (၁၉)ဝက်စ်ဟမ်း - နယူးကmaterial ဆယ်(၁၂) | (၁၉)ဝက်စ်ဟမ်း ၀-၁ နယူးကာဆယ် | ဝက်စ်ဟမ်း(အိမ်) | ၄ | - | - | ၄ | ၂ | ၁၂ |
| ည ၈း၃၀ နာရီ | (L,D,L,L,L) (D,L,W,L,W) | နယူးကာဆယ် ၀-၂ ဝက်စ်ဟမ်း | နယူးကာဆယ်(ဝေး) | ၄ | - | ၃ | ၁ | ၁ | ၂ |
| ၂-၁၁-၂၀၂၅ | (၅)မန်စီးတီး - ဘုန်းမောက်(၂) | မန်စီးတီး ၃-၁ ဘုန်းမောက် | မန်စီးတီး(အိမ်) | ၄ | ၃ | - | ၁ | ၁၀ | ၃ |
| ည ၁၁း၀၀ နာရီ | (D,W,W,W,L) (D,D,W,D,W) | ဘုန်းမောက် ၂-၁ မန်စီးတီး | ဘုန်းမောက်(ဝေး) | ၄ | ၁ | ၂ | ၁ | ၈ | ၉ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ထိဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၅ | (၁၀)ရင်းနက်စ် - စထရာဘို့(၄) | ရင်းနက်စ် ၁-၀ စထရာဘို့ | ရင်းနက်စ်(အိမ်) | ၅ | ၂ | ၂ | ၁ | ၇ | ၅ |
| ည ၈း၃၀ နာရီ | (D,D,D,L,D) (L,W,D,L,W) | စထရာဘို့ ၃-၁ ရင်းနက်စ် | စထရာဘို့(ဝေး) | ၅ | ၂ | ၁ | ၂ | ၁၀ | ၁၀ |
| ၂-၁၁-၂၀၂၅ | (၆)လန်းစ် - လိုရီယန့်(၁၆) | လန်းစ် ၂-၀ လိုရီယန့် | လန်းစ်(အိမ်) | ၅ | ၄ | - | ၁ | ၁၀ | ၄ |
| ည ၁၀း၄၅ နာရီ | (D,W,W,W,L) (W,L,D,L,D) | လိုရီယန့် ၀-၀ လန်းစ် | လိုရီယန့်(ဝေး) | ၅ | - | ၁ | ၄ | ၁ | ၁၀ |
| ။ | (၇)လိုင်လီ - အန်ဂျီး(၁၃) | လိုင်လီ ၂-၀ အန်ဂျီး | လိုင်လီ(အိမ်) | ၅ | ၃ | ၁ | ၁ | ၁၀ | ၄ |
| | (L,D,W,W,L) (L,L,D,W,D) | အန်ဂျီး ၀-၂ လိုင်လီ | အန်ဂျီး(ဝေး) | ၅ | - | ၂ | ၃ | ၃ | ၁၀ |
| ။ | (၁၅)နန့်တက်စ် - မက်ဇ်(၁၈) | နန့်တက်စ် ၀-၂ မက်ဇ် | နန့်တက်စ်(အိမ်) | ၅ | ၁ | ၁ | ၃ | ၆ | ၁၀ |
| | (D,D,L,W,L) (D,L,L,L,W) | မက်ဇ် ၃-၁ နန့်တက်စ် | မက်ဇ်(ဝေး) | ၅ | - | - | ၅ | ၅ | ၂၁ |
| ။ | (၉)တူးလော့ - လီဟာဗာ(၁၁) | တူးလော့ ၀-၂ လီဟာဗာ | တူးလော့(အိမ်) | ၅ | ၂ | ၂ | ၁ | ၁၃ | ၁၀ |
| | (D,W,W,L,D) (D,D,L,W,W) | လီဟာဗာ ၁-၄ တူးလော့ | လီဟာဗာ(ဝေး) | ၅ | ၁ | ၁ | ၃ | ၄ | ၁၀ |
| ၃-၁၁-၂၀၂၅ | (၁၄)ဘရက် - လိုင်ယွန်(၅) | ဘရက် ၂-၁ လိုင်ယွန် | ဘရက်(အိမ်) | ၅ | ၁ | ၂ | ၂ | ၈ | ၉ |
| နံနက်၀၂း၁၅နာရီ | (W,D,D,L,L) (W,L,L,W,D) | လိုင်ယွန် ၂-၁ ဘရက် | လိုင်ယွန်(ဝေး) | ၅ | ၂ | ၁ | ၂ | ၈ | ၉ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂-၁၁-၂၀၂၅ | ညနေ ၃း၃၀ နာရီ | (၃) ရတနာပုံ - အံ့ဝိုင် (၁၁) | ရတနာပုံ ၃-၃ အံ့ဝိုင် |
| တနင်္ဂနွေနေ့ | | (W,D,W,W,L) (L,L,D,L,L) | အံ့ဝိုင် ၁-၂ ရတနာပုံ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ထိဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၅ | (၁၈)ဗီရိုနာ - အင်တာမီလန်(၃) | ဗီရိုနာ ၀-၅ အင်တာမီလန် | ဗီရိုနာ(အိမ်) | ၄ | - | ၃ | ၁ | ၃ | ၄ |
| ညနေ ၆း၀၀နာရီ | (L,L,D,D,L) (W,W,W,L,W) | အင်တာမီလန် ၁-၀ ဗီရိုနာ | အင်တာမီလန်(ဝေး) | ၄ | ၂ | - | ၂ | ၇ | ၇ |
| ၂-၁၁-၂၀၂၅ | (၁၉)ဖီအိုရင်တီးနား - လက်ဇီယို(၁၆) | ဖီအိုရင်တီးနား ၁-၀ လက်ဇီယို | ဖီအိုရင်တီးနား(အိမ်) | ၄ | - | ၁ | ၃ | ၅ | ၉ |
| ည ၈း၃၀ နာရီ | (D,L,L,D,L) (D,W,D,L,L) | လက်ဇီယို ၀-၆ ဖီအိုရင်တီးနား | လက်ဇီယို(ဝေး) | ၄ | ၁ | ၁ | ၂ | ၄ | ၇ |
| ။ | (၁၃)တိုရီနို - ပီဆာ(၁၇) | တိုရီနို ၁-၀ ပီဆာ | တိုရီနို(အိမ်) | ၄ | ၂ | ၁ | ၁ | ၃ | ၄ |
| | (L,D,W,W,D) (L,D,L,D,D) | ပီဆာ ၂-၀ တိုရီနို | ပီဆာ(ဝေး) | ၄ | - | ၂ | ၂ | ၅ | ၁၀ |
| ၂-၁၁-၂၀၂၅ | (၁၅)ပါးမား - ဘိုလော့ညာ(၆) | ပါးမား ၂-၀ ဘိုလော့ညာ | ပါးမား(အိမ်) | ၄ | ၁ | ၂ | ၁ | ၃ | ၃ |
| ည ၁၁း၃၀ နာရီ | (W,L,D,D,L) (D,W,W,D,D) | ဘိုလော့ညာ ၀-၀ ပါးမား | ဘိုလော့ညာ(ဝေး) | ၅ | ၁ | ၂ | ၂ | ၆ | ၆ |
| ၃-၁၁-၂၀၂၅ | (၄)အေစီမီလန် - ရိုးမား(၂) | အေစီမီလန် ၁-၁ ရိုးမား | အေစီမီလန်(အိမ်) | ၅ | ၃ | ၁ | ၁ | ၈ | ၆ |
| နံနက်၀၂း၁၅နာရီ | (W,D,W,D,D) (W,W,L,W,W) | ရိုးမား ၃-၁ အေစီမီလန် | ရိုးမား(ဝေး) | ၄ | ၄ | - | - | ၅ | ၁ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ထိဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၅ | (၈)ကိုလုံး - ဟမ်းဘတ်(၁၃) | ကိုလုံး ၁-၂ ဟမ်းဘတ် | ကိုလုံး(အိမ်) | ၃ | ၁ | ၁ | ၁ | ၆ | ၄ |
| ည ၉း၀၀နာရီ | (L,L,W,D,L) (W,D,W,L,L) | ဟမ်းဘတ် ၁-၀ ကိုလုံး | ဟမ်းဘတ်(ဝေး) | ၄ | - | ၂ | ၂ | ၁ | ၇ |
| ၂-၁၁-၂၀၂၅ | (၁၂)ဝုဖ်ဘတ် - ဟော်ဖန်ဟိမ်း(၇) | ဝုဖ်ဘတ် ၂-၂ ဟော်ဖန်ဟိမ်း | ဝုဖ်ဘတ်(အိမ်) | ၄ | - | ၂ | ၂ | ၄ | ၈ |
| ည ၁၁း၀၀နာရီ | (L,L,L,L,W) (L,D,L,W,W) | ဟော်ဖန်ဟိမ်း ၀-၁ ဝုဖ်ဘတ် | ဟော်ဖန်ဟိမ်း(ဝေး) | ၄ | ၃ | ၁ | - | ၁၀ | ၄ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ထိဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၅ | (၁၅)လီဝန်တေး - ဆဲလ်တာဗီဂို(၁၃) | လီဝန်တေး ၀-၂ ဆဲလ်တာဗီဂို | လီဝန်တေး(အိမ်) | ၄ | - | ၁ | ၃ | ၅ | ၁၂ |
| ည ၇း၃၀ နာရီ | (L,D,W,L,D) (D,L,D,D,W) | ဆဲလ်တာဗီဂို ၁-၁ လီဝန်တေး | ဆဲလ်တာဗီဂို(ဝေး) | ၄ | ၁ | ၂ | ၁ | ၆ | ၆ |
| ၂-၁၁-၂၀၂၅ | (၁၂)အလာဗက်စ် - အက်စ်ပန်ညို(၅) | အလာဗက်စ် ၀-၁ အက်စ်ပန်ညို | အလာဗက်စ်(အိမ်) | ၅ | ၂ | ၂ | ၁ | ၇ | ၅ |
| ည ၉း၄၅ နာရီ | (D,L,W,D,L) (D,D,L,W,W) | အက်စ်ပန်ညို ၃-၂ အလာဗက်စ် | အက်စ်ပန်ညို(ဝေး) | ၅ | ၁ | ၂ | ၁ | ၄ | ၄ |
| ၃-၁၁-၂၀၂၅ | (၂)ဘာစီလိုနာ - အယ်လ်ချီ(၈) | ဘာစီလိုနာ ၃-၀ အယ်လ်ချီ | ဘာစီလိုနာ(အိမ်) | ၅ | ၃ | ၁ | ၁ | ၁၀ | ၄ |
| နံနက် ၀၀း၀၀နာရီ | (W,W,L,W,L) (D,W,L,D,L) | အယ်လ်ချီ ၀-၄ ဘာစီလိုနာ | အယ်လ်ချီ(ဝေး) | ၅ | - | ၃ | ၂ | ၅ | ၈ |
| ၃-၁၁-၂၀၂၅ | (၆)ဘက်တစ် - မာယော့ကာ(၁၆) | ဘက်တစ် ၁-၂ မာယော့ကာ | ဘက်တစ်(အိမ်) | ၅ | ၃ | - | ၂ | ၇ | ၅ |
| နံနက်၀၂း၃၀နာရီ | (W,W,W,D,L) (L,W,L,W,D) | မာယော့ကာ ၀-၁ ဘက်တစ် | မာယော့ကာ(ဝေး) | ၅ | ၁ | - | ၄ | ၇ | ၉ |

## ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မကွေး နိုဝင်ဘာ ၁**

ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက 'ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ' ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြသည်။



ထို့နောက် တာဝန်ရှိသူများက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ 'အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံရောဂါများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဓာတ်မြေဩဇာစနစ်တကျ အသုံးပြုနည်းများနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်း၊ မျိုးသန့် သုံးစွဲရေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ဆွေးနွေးချက်များအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ခင်ကျင်းပြသထားသော ပြခန်းငယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)



## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရန် တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စား

**နေပြည်တော် နိုဝင်ဘာ ၁**

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန် စိတ်ဝင်စားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) မှ သိရသည်။

အောက်တိုဘာ ၂၉ ရက်က မြန်မာ-ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ် ကိုရီးယားဘက်က ယခုကဲ့သို့ အသိပေးခဲ့ခြင်း ဖြစ်သည်။

'မကြာမီကာလမှာ တောင်ကိုရီးယားနိုင်ငံကနေ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေနဲ့စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ကူညီဆောင်ရွက်ပေးသွားမှာပါ'ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့်အကျိုးကျေးဇူးများနှင့် ဥပဒေ၊ နည်းဥပဒေအရ ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များကို စိတ်ဝင်စားသဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည် ဖြစ်သည်။ **(အပေါ်ပုံ)**

ရင်းနှီးမြှုပ်နှံမှုတွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်(၆)နှင့် ကုန်သွယ်မှုများ ပြုလုပ်သည့် နိုင်ငံစာရင်းတွင် အဆင့်(၉)နေရာ၌ရှိကြောင်း သိရသည်။

အထူးသဖြင့် CMP အထည်ချုပ်လုပ်ငန်းများတွင် ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစပေါင်းရောင်းချပွဲနှင့် ဆောင်းနှောင်းအတွက် မျိုးစေ့များ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာစပေါင်းရောင်းချပွဲနှင့် ဆောင်းနှောင်းစိုက်ဧက ပြည့်မီရေး မျိုးစေ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက နတ်ရေကန်ကျေးရွာအုပ်စုရှိ ရှေ့တန်းစခန်း(၃)၌ ကျင်းပသည်။

ရှေးဦးစွာ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးတို့က တက်ရောက်လာသော တောင်သူများကို ဆောင်းသီးနှံ နှောင်းမျိုးစေ့များ ပေးအပ်ခဲ့ကြပြီး မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင် သူများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၈၄)**



## KG တန်း ကျောင်းသား၊ ကျောင်းသူများအား တတိယအကြိမ် နေ့လယ်စာ အာဟာရကျွေးမွေး

**တံတားဦး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ပညာသင်ယူနေသော KG တန်းမှ ကျောင်းသား၊ ကျောင်းသူ ၂၁၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းတွင်း နေ့လယ်စာ တတိယအကြိမ် အာဟာရကျွေးမွေးမှုကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မအခြေခံပညာ အလယ်တန်းကျောင်းတို့တွင် ကျင်းပသည်။

အဆိုပါ အာဟာရကျွေးမွေးရာသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကို၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီးဒေါက်တာမြင့်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တံတားဦးခရိုင် မြို့နယ်ပညာရေးမှူးများ၊ တာဝန်ခံကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးကြသည်။



ထို့နောက် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အာဟာရကျွေးမွေးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား သွားတိုက်ဆေး၊ သွားတိုက်တံများကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ (ဝဲပုံ)(၄၀၉)

## ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ်ကြီး နိုဝင်ဘာ ၁**

ပုသိမ်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသော ညောင်ပင်သာ-ဆင်ရွာတောလမ်း အရှည် ၀ ဒသမ ၆၃၅ ကီလိုမီတာရှိ ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်း၊ အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးတို့က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ကြီးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)ဒေါ်မိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးလှခိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၉၅)



## အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင် ၁၀ ရက်ကြာ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ သိရသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ပြပွဲကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သော နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူပြီး ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသော နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။



ပြပွဲကို တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်ပြီး ပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ယခင်နှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်း၊ ပြည်ပက ရတနာကုန်သည်များအား အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ထိုင်းဘတ်၊ ကျပ်ငွေတို့ဖြင့် ရောင်းချခဲ့ပြီး ပုလဲအတွဲ ၃၇၉ တွဲ၊ ကျောက်မျက်အတွဲ ၈၈ တွဲ အုပ်စု (A)၊ အုပ်စု(B)မှ ကျောက်စိမ်းအတွဲ ၁၅၃၉ တွဲ၊ အုပ်စု(C)မှ ကျောက်စိမ်းအတွဲ ၁၇၁၂ တွဲ ရောင်းချပေးနိုင်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျောက်မျက်ရတနာလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလိုင်စင်ပေါင်း ၅၇၀၀ နီးပါးကို ခွင့်ပြုထုတ်ပေးထားကြောင်း သိရသည်။ **(ဓာတ်ပုံ) ရွှေမန်း**



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှတင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ရူပဗေဒဌာနမှ အငြိမ်းစားပါမောက္ခချုပ် ဦးပိုမြင့်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် အဖွဲ့ဝင်များက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်၊ လမ်း၉၀ နေအိမ်သို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ်သုံးသိန်းပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။ **(အပေါ်ပုံ)**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၅၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၆၇၀ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **(၀၄၅)**

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား အသိပညာပေး ကွင်းဆင်းဆောင်ရွက်

**အမရပူရ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဂျီရွာကျေးရွာ၊ ဂျီရွာ စိုက်/ထွေသမဝါယမအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးထွန်း၏ ကွင်းအမှတ်(၅၇၀/ခ) ပေါက်အင်းကွင်းရှိ မိုးစပါးစိုက်ပျိုးဧက ၁၁ ဧကကို မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စတင်ပျိုးထောင်ချိန်မှစပြီး ရိတ်သိမ်းပြီးချိန်အထိ အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်ထားသည့် မြေပြင်အခြေအနေမှန်နှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်များကို အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် ဦးစီးအရာရှိက ပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် ပျိုးပင်ကြီးထွားမှု အားကောင်းစေရန် ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ တစ်ဧက မျိုးသန့်စပါး တစ်တင်းနှုန်းဖြင့် မျိုးစေ့များပွားကပ်ခြင်း မရှိအောင် မျိုးစေ့ချခြင်း၊ မျိုးစေ့ တစ်ပေါင်လျှင် နှစ်ပြည်နှုန်း အသုံးပြု၍ ပျိုးပေါင် ရှစ်ပေါင်ပေါ်တွင် မျိုးညှောင့်ပေါက်မျိုးစေ့များ ညီညီညာညာမျိုးစေ့ချထားခြင်း၊ မျိုးစေ့ချပြီး ပျိုးပေါင်များကို မြေလုံအောင်ဖုံးအုပ်ပေးခြင်းဖြင့် ကြွက်နှင့် ငှက်တိရစ္ဆာန်များ ဖျက်ဆီးခြင်းမှ ကာကွယ်ခြင်း၊ ပေါင်ပေါ်ရှိ ပျိုးပင်သက် ၂၅ ရက်တွင် ပျိုးပင်နုတ်ပြီး ချက်ချင်းစိုက်ပျိုးခြင်း၊ ကောက်ကွက်တစ်ကွက် ပျိုးပင်နှစ်ပင်၊ သုံးပင်ဖြင့် တန်းခြား၊ ပင်ခြား မှန်ကန်စွာဖြင့် တစ်ဧကလျှင် ကောက်ကွက် ၁၃၀၀၀၀ ပြည့်မီအောင် စိုက်ပျိုးခြင်း၊ နွားချေးသဘာဝမြေဩဇာ စုပါ၊ ပိုတက်နှင့် ယူရီးယားဓာတ်မြေဩဇာကို အချိန်ကိုက် အချိုးကျ ထည့်သွင်းကြဲပက်အသုံးပြုခြင်း၊ အထွက်နှုန်းကို မထိခိုက်စေရန် ပေါင်းမြက်များကို အချိန်မီရှင်းလင်းခြင်း၊ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုခြင်း၊ စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကိုရှင်းလင်းထားခြင်းဖြင့် ကြွက်နှင့် ပိုးမွှားရောဂါ ကာကွယ်နိုင်ခြင်း၊ စပါးနှံများ ရင့်မှည့်စပြုချိန်တွင် ရင့်မှည့်မှုညီညာစေရန်၊ အောက်ခံမြေမာ၍ ကောက်ရိတ်စက်လွယ်ကူစွာဝင်ထွက်နိုင်ရေးအတွက် အောင်ရေထုတ်ခြင်း၊ အလေအလွင့်နည်းပါးစေရန် စပါးနှံ၏ ၈၅ ရာခိုင်နှုန်းရင့်မှည့်ချိန်(မောင်းညီချိန်တွင်) ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီး စပါးမျိုးများမှ မျိုးအတွက် ၁၃ ရာခိုင်နှုန်း၊ စားသုံးမည့် စပါးအတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းထားရှိဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကွင်းတာဝန်ခံခေါင်းဆောင်နှင့်ဝန်ထမ်းများ၊သမဝါယမအသင်းဥက္ကဋ္ဌနှင့် အသင်းသားတောင်သူများအား အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နိုးသီဟ(အမရ)**

## ဖီးကြမ်းငှက်ပျောသီးနှံများ တိုးချဲ့စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တောင်သူများအနေဖြင့် စပါး၊ ကြက်သွန်၊ ရေတိ၊ မြေပဲ၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ငှက်ပျော စသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ကိုင်းကျွန်းမြေနှင့် ယာမြေအချို့တွင် ဈေးကွက်ကောင်းလျက်ရှိသော ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ငှက်ပျောသီးနှံ စိုက်ပျိုးရာတွင် လုပ်သားရှားပါးမှုမရှိခြင်း၊ မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့်အပြင် အပင်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ပါက သေချာသည့်အကျိုးအမြတ်ရရှိသော သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောသီးနှံကို ဝါဆိုဝါခေါင်လများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ရာတွင် ဒေသအလိုက် တစ်ပင်တန်းစိုက်ပျိုးခြင်းနှင့် နှစ်ပင်တန်းစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြပြီး တစ်ပင်တန်းစိုက်ပျိုးပါက တစ်ပင်နှင့် တစ်ပင်၊ တစ်တန်းနှင့် တစ်တန်း ရှစ်ပေအကွာ စိုက်ပျိုးကြပြီး၊ နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် နှစ်ပေ၊ တစ်တန်းနှင့်တစ်တန်း ၁၀ ပေခန့်အကွာ စိုက်ပျိုးကြသည်။

ရေ၊ မြေနှင့်အပင်အပြုအစု ကောင်းပါက စိုက်ပျိုးပြီး ရှစ်လအကြာတွင် ငှက်ပျောအဖူးများ စတင် ထွက်ရှိပြီး သက်တမ်း ၁၂ လအကြာတွင် ခုတ်ယူရောင်းချရကြောင်း၊ နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးမည်ဆိုပါက တစ်ဧက ငှက်ပျောအပင် ၈၀၀ စိုက်ပျိုးနိုင်ပြီး၊ ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ ပျိုးပင်ဖိုးနှင့် စိုက်စရိတ်အပါအဝင် ရေတင်ခြင်း၊ မြေဩဇာအသုံးပြုခြင်း၊ ပင်စည်ခုတ်လှဲရှင်းလင်းခြင်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၀သိန်းမှ ၂၅ သိန်းအထိ ကုန်ကျပြီး ခုတ်ယူရောင်းချရာတွင် ငွေကျပ် သိန်း ၇၀ ခန့် ပြန်လည်ရရှိသည့်အပြင် ငှက်ပျောစို့(ပျိုးပင်)ရောင်းချပါက ငွေကျပ် တစ်သိန်းခြောက်သောင်းနီးပါး အပိုထပ်ဆောင်းရရှိသည့်အတွက် အောင်မြင်သည့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။**(ဓာတ်ပုံ)(၄၈၅)**



## ပျားအုံများဖြင့် ဝတ်မှုန့်ကူးခြင်း၏ အကျိုးရလဒ်များဟောပြောပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီးသရက်မြို့၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ မကွေးတိုင်းဒေသကြီးတာဝန်ခံရုံး၏ နေကြာသီးနှံအား ပျားအုံများဖြင့် ဝတ်မှုန့်ကူးခြင်း၏ အကျိုးရလဒ်များ ဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးပညာပေးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ခရိုင်စီမံကိန်း ဦးစီးမှူး ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံ ဦးမျိုးတင့်က နေကြာသီးနှံအား ပျားအုံများဖြင့် ဝတ်မှုန့်ကူးခြင်း၏ အကျိုးရလဒ်များ အကြောင်းနှင့် ပျားလုပ်ငန်းဌာန၏ ရည်ရွယ်ချက်၊ မြန်မာနိုင်ငံရှိ ပျားမျိုးများ၊ ဝတ်ရည်စုပျားဖွဲ့စည်းပုံ၊ ပျားမွေးမြူနည်းများအကြောင်းတို့ကို ပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တိုင်းဒေသကြီးတာဝန်ခံက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**ဇော်ထက်(သရက်)**

# တန်ဆောင်မုန်းလနှင့် မခေါ်မုန့်လုံး-မုန့်လုံးရေပေါ်

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များမှ တန်ဆောင်မုန်းလ၏ သင်္ကေတမှာ မုန့်လုံး ကျွေးခြင်းနှင့်အတူ မဲဇလီဖူးသုပ်ကျွေးခြင်းဖြစ်သည်။ မြန်မာ့ရိုးရာယုံကြည်မှုနှင့် အစဉ်အလာအရ မဲဇလီဖူးသုပ်၍ မြတ်ဘုရားထံ ဆက်ကပ်လှူဒါန်းသည်။ အိမ်နီးချင်းတို့ကို ဝေငှကျွေးမွေးကြလေသည်။ မုန့်လုံးနှင့် ပတ်သက်၍ မုန့်လုံး-မခေါ်မုန့်လုံး-မုန့်လုံးရေပေါ်စသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ကြသည်ကို တွေ့ရသည်။

မူရင်းမှာ မုန့်လုံးဖြစ်သော်လည်း မုန့်လုံး ကျွေးသည့်အခါ လာစားကြပါဟု ခေါ်စရာမလိုတဲ့ ဒယ်ကြီးများနှင့် အမျိုးသမီးတစ်သိုက်ကိုမြင်လျှင် မုန့်လုံးကျွေးနေသည်ကို သိကြပြီး လာစားပါဟု ခေါ်ရန်မလိုဘဲ ဝင်စားကြသဖြင့် မခေါ်မုန့်လုံး အမည်တွင်သွားသည်။ လမ်းသွားလမ်းလာများအတွက် ငှက်ပျောဖက်များနှင့် ထုပ်ပိုး၍ပေးကြသည်။ မုန့်လုံးရေပေါ်ဆိုသည်မှာလည်း ထိုနည်းအတူပင် မုန့်လုံးများသည် ရေဆူအိုးထဲတွင် ရှိသော မုန့်လုံးများ ကျက်ပြီဆိုပါက ရေပေါ်သို့ ပေါ်လာသဖြင့် **မုန့်လုံးရေပေါ်**ဟု ခေါ်ဆိုခြင်း ဖြစ်မည်။

မဲဇလီဖူးသုပ်သည်လည်း တန်ဆောင်မုန်းလပြည့်နေ့၏ ဇာတ်လိုက်ကျော်ဖြစ်သည်။ဆေးပင်များကို စောင့်ရှောက်သော နတ်များက မဲဇလီပင်စောင့်နတ်မင်းအား တညီတညွတ်တည်း ခစားသည့်နေ့ဖြစ်ပြီး ထိုညတွင် စားသုံးသော မဲဇလီဖူးသုပ်က ၉၆ ပါးရောဂါကင်း၍ အသက်ရှည်သည်ဟု အယူအဆများကြောင့် တန်ဆောင်မုန်းလ၏ ဇာတ်လိုက်ဖြစ်သည်ဟု ဆိုရပေမည်။

## ပွဲပေါင်းစုံသည့် တန်ဆောင်မုန်း

အပျို၊ လူပျို၊ ကလေး၊ လူကြီး၊ လူငယ်အားလုံးအတွက် အလှူအတန်းနှင့် ပျော်ပွဲရွှင်ပွဲများ ပြည့်နှက်လျက်ရှိသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့လည်းဖြစ်ပြီး ကထိန်သင်္ကန်းလှူဒါန်းခွင့်ရသော နောက်ဆုံးနေ့လည်း ဖြစ်သည်။ ထိုနေ့၏ ညသန်းခေါင်ယံကာလသည် တစ်နှစ်တာကာလ၏ ကောင်းကင်နက္ခတ်တာရာစုံသဖြင့် ဆေးပေါင်းခသည့်ညဟု တင်စားကြလေသည်။

တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံ၌ နက္ခတ်တာရာစုံလင်သဖြင့် မြန်မာတိုင်းရင်းဆေးသမားတော်များက ဆေးဖော်ကြသည်။ပွဲကျောင်းပညာရပ်တွင် ပါဝင်သည့် ခန္ဓာကိုယ်တွင် ရှေးမြန်မာတို့ရိုးရာ ဆေးမင်ကြောင်ထိုးရန် အကောင်းဆုံးနေ့ဖြစ်၍ ဂိုဏ်းဆရာများ အလုပ်ရှုပ်သောညဖြစ်သည်။ ထိုသန်းခေါင်ယံအချိန်တွင် သစ်ပင်၊ သစ်ရွက်(သို့မဟုတ်) တစ်စုံတစ်ခုကို စားသုံးခြင်းဖြင့် ဆေးဖက်ဝင်သည်ဟု ရှေးလူကြီးများက ပြောကြသည်။ ရပ်ထဲရွာထဲက ကာလသားတစ်သိုက်စုပေါင်း၍ ချက်ပြုတ်စားသောက်ကြခြင်းမှာ ဆေးဖြစ်ဝါးဖြစ်ဟု ဆိုကြသည်။ အထူးသဖြင့် မဲဇလီဖူးသုပ်၍ စားကြသည့်အပြင် တစ်အိမ်တက်ဆင်းဝေငှ၍ ကုသိုလ်ပြုကြသည်မှာ ရိုးရာဓလေ့တစ်ခု ဖြစ်လာခဲ့သည်။

တန်ဆောင်မုန်းလပြည့်ညတွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆီမီးတစ်သောင်း၊ ပန်းတစ်သောင်းဟူ၍ ဘုရားစေတီပုထိုးများ၌ မြတ်ဗုဒ္ဓအား ရည်မှန်းပူဇော်လှူဒါန်းကြသည်။ ရှမ်းလူမျိုးများက မီးပုံးပျံများ လွှတ်တင်၍ ဘုရားရှင်အား မီးပူဇော်ခြင်းအထိမ်းအမှတ်အဖြစ် မီးပုံးပျံလွှတ်ကြသည်။

စင်စစ်အားဖြင့် မြန်မာ့ရာသီပွဲတော်များတွင် သီတင်းကျွတ်လ- မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ-ကထိန်ပွဲဟု ဆိုစကားရှိခဲ့သည်။ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းလှူဒါန်းခြင်း၊ ပန်း၊ ဆီမီးများလှူဒါန်းခြင်း၊ မခေါ်မုန့်လုံး လုံးခြင်း၊ မဲဇလီဖူးသုပ်စားသုံးခြင်း၊ ဆေးမင်ဗိန္ဓောဆရာများ၏ ဆေးမင်ကြောင်ထိုးခြင်း၊ ဆေးဖော်ခြင်း၊ ညအချိန် ပုံသကူပစ်ခြင်း၊ နေ့ပိုင်းတွင် ပျော်ပွဲစားဟုဆိုကာ အလှူခံကြပြီး ညပိုင်းတွင် ချက်ပြုတ်စားသောက်ကြခြင်းနှင့် ကျီးမနိုးပွဲ(သို့မဟုတ်) သူခိုးကာလဟု ဆိုကာ လူငယ်များ၏ ညသန်းခေါင်ချိန် အိမ်ရှင်များ မသိအောင် ပစ္စည်းများ နေရာရွှေ့ပြောင်း နောက်ပြောင်ခြင်းများကို တွေ့ရသည်။

## မုန့်လုံး(သို့မဟုတ်)မခေါ် မုန့်လုံး

လပြည့်နေ့ ညနေပိုင်းတွင် ရပ်ထဲရွာထဲသာမက လမ်းမဘေးများတွင် ဒယ်အိုးကြီးများ၊ သုံးပွင့်ဆိုင်ဖိုခုံလောက်များ၊ ထင်းများ၊ ရေပုံးများတွေ့ရခြင်းမှာ အယုတ်အလတ်၊ အမြတ်မရွေး မုန့်လုံးကျွေးရန် ပြင်ဆင်ကြသည်။ မိသားစုအလိုက်ဖြစ်စေ၊ ရပ်ကွက်အလိုက်ဖြစ်စေ၊ မုန့်လုံးကျွေးကုသိုလ်ပြုခြင်းမှာ မန္တလေးသူ၊ မန္တလေးသားတို့၏ ဓလေ့တစ်ခုဖြစ်သည်။ ရပ်ကွက်အသီးသီးနှင့် လမ်းများပေါ်တွင် မီးခိုးတလုံးလုံး၊ လူစုစုနှင့် မုန့်လုံးလုံးသူများ၊ မုန့်လုံးစားရန် လာသူများက မုန့်လုံးဒယ်အိုးကြီးကို ဝိုင်းလျက် လက်ကမ်းတောင်းဆိုကြသည်။ အချို့အိမ်သို့ယူသွားသည်။ ထိုသို့ ကျွေးမွေးရန် ဖိတ်ကြားခြင်းမပြု။ မည်သူမဆို လာရောက်စားသုံးနိုင်သဖြင့် 'မခေါ်မုန့်လုံး' ဟုခေါ်ကြသည်။



'မနက်ပိုင်းမှာ ကောက်ညှင်းမှုန့်၊ ဆန်မှုန့်၊ ထန်းလျက်၊ ငရုတ်သီး ဝယ်တယ်။ လူငယ်တွေက ထင်းဝယ်တာ၊ ရေဆူအိုးတည်ဖို့ ပြင်ဆင်တယ်။ ဈေးကပြန်လာရင် ကောက်ညှင်းနဲ့ ဆန်မှုန့်ကို မုန့်သားဖြစ်အောင် နယ်ပြီး ရေဝတ်နဲ့ နှပ်ထားတယ်။ ဂျုံနယ်သလိုပေါ့။ ထန်းလျက်ကို ထုချေပြီး သီးသန့်အိုးနဲ့ ထည့်တာ။ ညနေ ၃ နာရီလောက် ဆိုရင် လူငယ်တွေက ထင်းမီးမွှေးပေးပြီး ရေဆူအိုးတည်ချိန်မှာ မုန့်လုံးလုံးမယ့် မိန်းကလေးတွေက အလှပြင်ကြတာပေါ့။ ရေနွေးပွက်ပွက်ဆူပြီး လူစုံတာနဲ့ မုန့်လုံး စလုံးတော့တာပဲ။ စားမယ့်သူတွေက မလုံးခင်ကတည်းက ရောက်နေကြပြီ' ဟု ရတနာ့ဦးရပ်ကွက်မှ ဒေါ်သီသီက ပြောသည်။



## မုန့်လုံး ပြုလုပ်ပုံ

မုန့်လုံးသည် မြန်မာ့ရိုးရာမုန့်ဖြစ်ပြီး အခြေခံကုန်ကြမ်းမှာ ကောက်ညှင်းဆန်နှင့် ဆန်ကြမ်းဖြစ်သည်။ ကောက်ညှင်းမှုန့်လေးဆနှင့် ဆန်မှုန့်တစ်ဆရောပြီး ရေအနည်းငယ်နှင့် မပျော့မမာအနေအထားရှိ မုန့်သားရအောင် နယ်ရသည်။ ထိုမုန့်သားကို ၄ နာရီကျော်ကြာထားလျှင် မုန့်သားနှပ်သည်ဟုဆိုသည်။ ထို့ကြောင့် နံနက်ပိုင်းတွင် ကြိုတင်၍ မုန့်သားနှပ်ကြသည်။ မုန့်သားနှပ်ထားချိန် ကြာမြင့်လေ မုန့်သားကောင်းလေဖြစ်သည်။ အချိန်နီးမှ မုန့်သားနှပ်လျှင် ရေဆူအိုးထဲသို့ထည့်ချိန် ပျော့တွဲ၍ ပုံပျက်ပြီး မုန့်လုံး၏ အရသာလည်း လျော့သွားသည်ဟုဆိုသည်။

## မုန့်လုံး လုံးချိန်

နံနက်ပိုင်းက နှပ်ထားသော မုန့်သားကို မုန့်လုံးတစ်လုံးစာ လက်ဖဝါးနှစ်ခုကြားထည့်သည်။ ထိုမုန့်သားအတွင်း ထန်းလျက်အနည်းငယ်ညှပ်ထည့်၍ လက်နှစ်ဖက်ဖြင့် ဘယ်ညာဝိုက်၍လုံးကာ ရေနွေးပွက်ပွက်ဆူနေသည့် မိုးပြဲဒယ်ထဲသို့ ထည့်သည်။ မကျက်သေးလျှင် ရေအောက်၌ ငုပ်လျှိုးနေပြီး မုန့်လုံးကျက်လျှင် ရေပေါ်သို့အလျှိုအလျှို ပေါ်လာသည်ကို အစွဲပြု၍ 'မုန့်လုံးရေပေါ်' ဟုဆိုပြန်သည်။ ငရုတ်သီးထည့်ထားသည့် မုန့်လုံးကို စားမိသော ကံဆိုးသူမောင်ရှင်၏ ရှူးရှဲ-ရှူးရှဲအော်နေသည်ကို ဝိုင်းကြည့်ပြီး မုန့်လုံးလုံးသူ မိန်းကလေးတစ်သိုက်မှာ စပ်ဖြဲဖြဲ ပြုံးကြသည်။ တချို့ဆိုလျှင် အသံထွက်အောင် ရယ်သွမ်းသွေးကြသည်။

'လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကဆိုရင် ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်က စက်ဘီးတစ်စီးစီနဲ့ မုန့်လုံး စားထွက်တာ ညစာတောင်လွှတ်တယ်။မုန့်လုံးလုံးတဲ့ကောင်မလေးတွေနဲ့ ဟိုပြော၊ ဒီပြောနဲ့ ပျော်စရာပါ။ မုန့်လုံးက တန်ဆောင်မုန်းလမှာ ငွေမကုန်ဘဲ ဖောဖောသီသီစားရတယ်။ ကောင်မလေးတွေကို ငေးကြ၊ စကားမရှိစကားရှာပြောကြပေါ့။ ကောင်မလေးတွေက ငရုတ်သီးပါတာကို ရွေးပြီး ဒါလေး မြည်းကြည့်ပါလားဆိုပြီး စားခိုင်းတာမျိုး ရှိတယ်။ စပ်လိုက်တာလို့ အော်လိုက်ရင် သူတို့အုပ်စုက ရယ်ကြပျော်ကြတာ' ဟု မန္တလေးသားကိုအေးဇော်က ပြောသည်။

မုန့်လုံးအရသာမှာ ကောက်ညှင်းနှင့်ဆန်၏ စိမ့်သော အရသာ၊ ထန်းလျက်အနည်းငယ်၏ ချိုသော အရသာနှင့် ပေါင်းစပ်လျှင် စိမ့်ချိုဖြစ်သွားသည်။ နောက်ပိုင်းတွင် မုန့်လုံးပေါ်သို့ အုန်းသီးခြစ်များ ဖြူးပေးသဖြင့် အစိမ့်ဓာတ်ကို ပိုကဲစေပြီး ရောင်းတမ်းမုန့်လုံးဖြစ်သည်။ ကြားကာလများ၌ အခြားမြန်မာ့ရိုးရာမုန့်များ ရောင်းချသူများစွာရှိသော်လည်း မုန့်လုံးရောင်းသူနည်းပါးလွန်းသဖြင့် စားလိုချိန်မှာ မစားရချေ။ သို့သော် ဗေဒင်သမားများက ဓာတ်ယတြာပေးသည်များရှိပြီး 'မုန့်လုံးကို စက္ကူကပ်၊ ကြာကလပ်နဲ့ ဆွမ်းတော်တင်' ဟူ၍ ကြားဖူးသည်။ နတ်ပိုင်းဆိုင်ရာ ယုံကြည်သူများကလည်း ၃၇ မင်းနတ်များမှ အငယ်ဆုံးသော မနဲ့လေးကို မုန့်လုံးဆက်သပြီး ဈေးရောင်းကောင်း၍ စီးပွားတိုးအောင် တောင်းဆိုကြလေသည်။

## မောင်းထောင်း ဓလေ့

တစ်ချိန်က မြန်မာမုန့်များပြုလုပ်ရာ၌ ဆန်မှုန့်ဖြစ်လျှင် ဆန်နှင့် ကောက်ညှင်းဆန်တို့ကို အမှုန့်ဖြစ်အောင် မောင်းဆုံနှင့်ထောင်းရသည်။မောင်းခွက်ထဲမှ အမှုန့်များကို အနုစိတ်ဖြစ်အောင် ဆန်ခါနှင့်ချပြီး မကြေညက်သည်များကို ဆုံထဲ ပြန်ထည့်ကာ အမှုန့်ဖြစ်သည်အထိ ထောင်းရသည်။ မောင်းထောင်းလျှင် မောင်းနင်းသူတစ်ဦး ဆန်ခါချသူတစ်ဦးလိုသည်။ ယနေ့တွင် စက်ဖြင့် အမှုန့်ဖြစ်စေခြင်းကြောင့် မောင်းဆုံများနှင့် မောင်းထောင်းသည့် ဓလေ့မှာ ပျောက်ကွယ်သလောက်ဖြစ်နေသော်လည်း ကျေးလက်ဒေသတချို့တွင် ကျန်ရှိနေသေးသည်။

ကြားကာလ အချိန်များတွင် မုန့်လုံးရောင်းသူ လွန်စွာနည်းပါးသဖြင့် စားလိုသောအချိန်၌ စားမရသော်လည်း တန်ဆောင်မုန်းလပြည့်တွင် မုန့်လုံးကို မုန်းနေအောင် စားကြရပေသည်။ မန္တလေးက မခေါ်မုန့်လုံးသည် သင်္ကြန်မုန့်လုံးအဖြစ်သို့ ကူးစက်လာခဲ့သည်။ သင်္ကြန်ရေသဘင်ပွဲတော်ရက်တွင် မုန့်လုံးကျွေးကုသိုလ်ပြုလာကြရာက သင်္ကြန်မုန့်လုံးဖြစ်လာပြန်သည်။

မုန့်လုံးသည် မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်ပြီး ချို၊ စိမ့်သော အရသာရှိ၍ ကြိုက်နှစ်သက်သူများလေသည်။ လ ရာသီအလိုက် မုန့်လုံးကို အလကားစားရခဲ့ရသည်မှ နောက်ပိုင်းတွင် မုန့်လုံးကို အုန်းသီးဖြူး၍ နေ့စဉ် ရောင်းချနေသူများ ဝင်ငွေကောင်းနေကြသည်။ အချို့ဈေးများတွင် အထိုင်အနေဖြင့် ရောင်းချသကဲ့သို့ အချို့ လှည့်လည်ရောင်းချကြသည်။ ဘုရားလှူရန်၊ ကလေးနတ်ဖြစ်သည့် မနဲ့လေးကို ပသရန်နှင့် စားသုံးရန် ဝယ်လိုအားရှိသော မုန့်လုံးမှာ ဝင်ငွေရလမ်းတစ်ခုအဖြစ် ရပ်တည်လာပြီ ဖြစ်ပါတော့သည်။

**ခိုင်ဆက်ဝေ**

## ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ကျိုင်းတုံ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၂၈ရက်က ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌဦးတင်လင်းက ပြည်သူများအားလုံး ဘဝတစ်လျှောက် အမြင်အာရုံချို့ယွင်းမှုမရှိစေဖို့ ငယ်ရွယ်စဉ် ကလေးအရွယ်ကစ၍ မျက်စိကျန်းမာရေးကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်သည့်အတွက် ကျန်းမာရေးဌာနနှင့်အတူ ဆက်စပ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံးပူးပေါင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျက်စိဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာနန္ဒာအောင်က မျက်စိရောဂါအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးမောင်နှင့် တာဝန်ရှိသူများက မျက်စိရောဂါလူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

## စာအုပ်၊ စာစောင်များကို ပြည်သူများလက်ဝယ်အရောက် ကွင်းဆင်းငှားရမ်းပေး

**ညောင်ဦး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများသည် ခရိုင်ပြည်သူ့စာကြည့်တိုက်တွင်သာ စာအုပ်၊ စာစောင်များ ငှားရမ်းပေးသည်သာမက ဌာနဆိုင်ရာရုံးများ၊ အကျဉ်းဦးစီးဌာနသို့ပါ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

ထိုသို့ ပြည်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနသို့ စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့သည်။ ရှေးဦးစွာ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူက အကျဉ်းသား၊ အကျဉ်းသူများအား စာဖတ်ခြင်းဖြင့် ဗဟုသုတရရှိစေပြီး အားလပ်ချိန်များကို စာပေဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စဉ်းစားတွေးခေါ်မှု အကြံဉာဏ်များ ရင့်သန်ခိုင်မာလာစေခြင်း၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်လာစေရန်နှင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများထံ စာအုပ်၊ စာစောင်များလက်ဝယ်အရောက် လာရောက်ငှားရမ်းပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်နှင့် ဝန်ထမ်းများသည် သုတ၊ ရသစာအုပ် ၈၀ အား ညောင်ဦးအကျဉ်းဦးစီးဌာန၊ အကျဉ်းသား၊ အကျဉ်းသူများအား စာငှားပုံစံများဖြည့်သွင်း၍ သုတ၊ ရသ စာအုပ် ၈၀ အုပ် ငှားရမ်းပေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ညောင်ဦးအကျဉ်းဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်အား စစ်ဆေးပြီး စာအုပ်အမျိုးအစားခွဲခြားမှု၊ တိုက်ပိုင်ရေးသွင်းမှု၊ စာအုပ်၊ စာပေငှားရမ်းဖတ်ရှုမှုတို့အား ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

*-*-*-*-*-*





## အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံပြပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်တွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံပြပွဲနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေမှုကို ပြည်တော်အေးရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က ကလေးအလုပ်သမားအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက သဘာဝဘေးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဖောဝါးက အရွယ်အရောက်မီ ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရေးတို့ကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ ထို့နောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်ဓာတ်ပုံများကို ပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ၊ သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ပြည်လုံးအေးမြ တန်ဆောင်မုန်းလ

* ဗြိစ္ဆာရာသီ ချိန်ခါသင့်ပါလို့
စန်းယှဉ်ဝင့် ကြတ္တိကာ ။
သဏ္ဌာန်ရုပ်နော် ကင်းမြီးကောက်
စောင့်ရှောက်ပေတာ ။
ခဝဲပန်းတို့ ပွင့်ဝေဆာ
ပင်ယံမှာ စွင့်စွင့်ကြွား ။
ဆောင်းဟေမန် နှင်းပုလဲရယ်နဲ့
ယှဉ်တွဲလှအား ။

* ဗုဒ္ဓသခင် မြတ်ဘုရားရယ်က
သမုတ်ထား ညွှန်ပြပေ ။
သာမညဖလ အခါတော်လ
အမည်သခဲ့ပေ ။
မေတ္တာထားလို့ ကုသိုလ်တွေ
ပြုကြစေ တည်ကြငှန်း ။
ဘုံကထိန် ဆင်ယင်ခင်းပါလို့
ကျင်းပရွှင်လန်း ။

* သံဃာရည်ရွယ် မြတ်သင်္ကန်းကိုပ
ကပ်လှူဒါန်း ကုသိုလ်သည် ။
ဖြစ်တည်ရာ ရင်သန့်လျက်
ထက်မြက်လှမည် ။
အနန္တငါးဖြာ မြတ်ဂုဏ်ရည်
ဦးထိပ်တည် ပူဇော်ကြ ။
လရာသီ တန်ဆောင်မုန်းမှာကွယ့်
ပြည်လုံးအေးမြ ။ ။

သူ့ထက်ဆန်း(မန္တလေး)



## ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့နေ မြန်မာပြည်ဖွား တရုတ်အမျိုးသား၊ အမျိုးသမီးများနှင့် အဖွဲ့အစည်းများက စုပေါင်းကထိန်ခင်း လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေး၊ မဟာမြိုင်မဲတိုက် ဟောင်းအတွင်းရှိ ပုရိမဝါမှ ထတော်မူကြသော သံဃာတော် ၁၉၆ ပါးတို့အား အမှူးထား၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူးဦးဆောင် ၍ မန္တလေးမြို့နေ မြန်မာပြည်ဖွား တရုတ်အမျိုးသား၊ အမျိုးသမီး များ၊ ယူနန်၊ ကြင်းတောယန် ဗုဒ္ဓ ဘာသာပရဟိတအသင်း၊ ဖူကျင့်၊ ကွမ်းတုံ၊ လူမျိုးစုနှင့် တရုတ် အမျိုးသမီးရေးရာအသင်းတို့၏ ဒသမအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို မန္တလေး၊ ချမ်း အေးသာစံမြို့နယ်၊ လမ်း၈၀၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၌ ယမန်နေ့ နံနက် ၉နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာမြိုင်မဲတိုက် ဟောင်း၊ ပရိယတ္တိနယူပဒေသ ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသမိဒ္ဓာဘိဝံသ အမှူးပြုသော ကျောင်းတိုက်ရှိ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေး အခြေစိုက် တရုတ်ကောင်စစ်ဝန် ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းဥက္ကဋ္ဌနှင့် ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ဦးကျော်ဝင်း၊ ကြင်းတောယန် ဗုဒ္ဓဘာသာပရဟိတအသင်းဥက္ကဋ္ဌ ဦးထွန်းမောင်၊ ဖူကျင့်ဘုံကျောင်း ဥက္ကဋ္ဌ ဦးအိုက်စံ၊ ကွမ်းတုံဘုံ ကျောင်းဥက္ကဋ္ဌ ဦးစောဦး၊ လူမျိုးစု ဘုံကျောင်းဥက္ကဋ္ဌ ဦးသန်းထိုက်၊ တရုတ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေကြည်နှင့် မန္တလေး မြို့နေ မြန်မာပြည်ဖွားတရုတ် အမျိုးသား၊ အမျိုးသမီးများ တက် ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ဘုရားကန်တော့ဖွင့်လှစ် ကြပြီး ဂန္ထဓုရနယူပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိဘိဝံသထံမှ ဧည့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ် တရားတော်များ နာယူကြသည်။

ဆက်လက်၍ ယူနန်၊ ကြင်း တောယန်ဗုဒ္ဓဘာသာပရဟိတ အသင်း၊ ဖူကျင့်၊ ကွမ်းတုံ၊ လူမျိုး စု၊ အမျိုးသမီးရေးရာအဖွဲ့များ၏ ဥက္ကဋ္ဌများက မဟာမြိုင်မဲတိုက်ဟောင်း တွင် ပုရိမဝါမှ ထတော်မူကြ သော သံဃာတော် ၁၉၆ ပါးတို့ အား အမှူးထား၍ ပရိယတ္တိနယူ ပဒေသကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသမိဒ္ဓာ ဘိဝံသထံ ကထိန်လျာဥတ် သင်္ကန်းကြီး ကပ်လှူကြပြီး ရေ စက်ချတရား နာယူကြည်ညိုကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ကျောင်းတိုက်ရှိ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လောင်းလှူကြပြီး နေ့ဆွမ်းဆက် ကပ်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)



## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ ခဲ့သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြု သော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ကြသည်။ (အပေါ်ပုံ)

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသဝ(ဓမ္မစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာ တရားဟောကြားချီးမြှင့်ပြီး ရန်ကုန်မြို့နေ အလှူရှင် ဦးဟန်စော+ ဒေါ်အေးမြင့်တို့က (သား)မောင်ဇော်မင်းထွန်း အားရည်စူး၍ ရာသက် ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၅ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၅သိန်း စုစုပေါင်းငွေကျပ် သိန်း၂၀ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော် ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ကြောင်း သိရသည်။

PNT

## ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများနှင့် ပင်စင်စား(အငြိမ်းစား)ဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် (၈၅)နှစ်နှင့်အထက် အဘိုး၊ အဘွား များနှင့် ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါစစ်ဆေး ပေးခြင်းကို ယမန်နေ့နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ တွင် အခမဲ့စမ်းသပ်စစ်ဆေးကုသ ပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီး ချို၊ သွေးချို စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့ နယ်ဆရာဝန်ကြီး ဒေါက်တာသက် ဦးဟန်နှင့် ကျန်းမာရေးဆရာမ များက အခမဲ့စစ်ဆေးကုသခြင်း များ ဆောင်ရွက်ပေးခဲ့ပြီး အပတ် စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ် ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)



## မဟာအံ့ထူးကံသာဘုရားတွင် မသိုးသင်္ကန်းနှင့် ဆီမီး ၉၀၀၀ ပူဇော်မည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

ပြင်ဦးလွင် မဟာအံ့ထူး ကံသာဆုတောင်းပြည့်ဘုရားတွင် (၂၅)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော် ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် နိုဝင်ဘာ ၃ရက်မှ ၄ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီ မှ သိရသည်။

အဆိုပါပွဲတော်တွင် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် မဟာ အံ့ထူးကံသာဆုတောင်းပြည့်ဘုရား ရင်ပြင်တော်တွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၄ ရက် နံနက် ၄ နာရီခွဲတွင် မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီတွင် သံဃာတော် များမှ ဘုရားကြီးအား အနေကဇာ တင်ခြင်း၊ နံနက် ၅ နာရီခွဲတွင် သံဃာတော်များအား အရုဏ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်းတို့အား ဂန္ဓကုဋိ တိုက်တော်နှင့် သာသနာ့ဗိမာန် တော်တွင် ပြုလုပ်မည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ဘုရားရင်ပြင် တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ခြင်း၊ နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီခွဲတွင် ညမီးကျည် မီးပုံးပျံတစ်လုံး၊ ပန်းမီးပုံးပျံ ငါးလုံး တို့ကို ဘုရားမြောက်ဘက်ယာဉ် ပတ်လမ်းတွင် လွှတ်တင်ပူဇော် သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၀)

## အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်



**တပ်ကုန်း နိုဝင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စုနှင့် အနီး ဝန်းကျင်မှ ကျေးရွာနေပြည်သူ များအား နေပြည်တော်ကုသရေး ဦးစီးဌာန၊ နေပြည်တော်ခုတင် ၃၀၀ ပြည်သူ့ဆေးရုံနှင့် တပ်ကုန်း ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်း က အုန်းပင်ကျေးရွာ၊ မင်္ဂလာရန် အောင်ဘုန်းတော်ကြီး ကျောင်း တိုက်တွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခြင်း ဆောင် ရွက်ခဲ့သည်။ (အပေါ်ပုံ)

ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့တွင် နေပြည်တော်ကုသ ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာ ဆွေဇင်ဝင်း၊ နေပြည် တော်ခုတင် ၃၀၀ ပြည်သူ့ဆေးရုံ အုပ် ဒေါက်တာသီတာစိုး၊ သားဖွား မီးယပ်အထူးကုဆရာဝန်၊ ခွဲစိတ် အထူးကုဆရာဝန်၊ ဆေးပညာ အထူးကုဆရာဝန်၊ ကလေး အထူးကုဆရာဝန်၊ သွားအထူးကု ဆရာဝန်၊ အရိုးအထူးကုဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ တပ်ကုန်း မြို့နယ် ခုတင် ၁၀၀ ပြည်သူ့ ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေ အောင်နှင့် ဆရာဝန်များ၊ သူနာပြု ဆရာမများ၊ ကျန်းမာရေးဝန်ထမ်း များက ဓာတ်မှန်ရိုက်လူနာ၊ အရိုး အကြောလူနာ၊ ကလေးလူနာ၊ သားဖွားမီးယပ်လူနာ၊ သွားနှင့် ခံတွင်းလူနာ၊ မျက်စိလူနာ၊ အကြောအဆစ်သန်စွမ်းရေး လူနာ၊ ခွဲစိတ်လူနာ၊ အထွေထွေ ရောဂါကုလူနာ စုစုပေါင်း ၄၉၄ ဦး တို့အား အခမဲ့ကျန်းမာရေးစောင့် ရှောက်မှုနှင့် လိုအပ်သည့် ဆေးဝါး များ ပေးအပ်ခဲ့ကြောင်းနှင့် လွှဲပြောင်းလူနာ ၆၃ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

မီးမရှို့ မြေမမြှုပ်
စက္ကူတွေကို ဒါနလုပ်။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၁)၊ ဦးပိုင်အမှတ်(၃၀)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုချိုဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၃၂၁၉၇)က RC (၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၇)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ မြေကွက်ပေါ်တွင် ဦးထွန်းရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၄၄၅၂၂)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မဟာအောင်မြေမြို့နယ်နေ (ဘ)ဦးမောင်မောင်အေး(၉/မနတ(နိုင်)၀၅၆၄၇၁)၏ သမီး (၉/မဟာမ(နိုင်)၀၃၇၇၆၃) ကိုင်ဆောင်သူ ဒေါ်သူသူခင်ဦးမောင်(ခ)ယွန်းလှဲ့သံသာနှင့် ဒေါ်ယွန်းလှဲ့သံသာသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**ဒေါ်သူသူခင်ဦးမောင်(ခ)ယွန်းလှဲ့သံသာ**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်အမှတ်(၁၀+၁၁)၊ မြေကွက်ပေါ်တွင် ဦးဆန်းဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၃၅၉၆)က S.S (၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် (၅၉၄)၊ ဦးပိုင်အမှတ်(၁၂၄-ဈ + ၁၂၅-က/၁)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်မေညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၀၅၁၇၈)က S.S (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၈)၊ ဦးပိုင်အမှတ်(၈၉)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သီတာစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၀၈၀၆၅)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၁ + ၁၂)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်မာဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရတ(နိုင်)၀၃၄၅၁၉)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၁၃ + ၁၄)၊ မြေကွက်ပေါ်တွင် ဒေါ်သီတာဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၈၆၁၃၁)က S.S (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၅)၊ ဦးပိုင်အမှတ်(၆၁+၆၂+၆၃+၆၄)၊ မြေကွက်ပေါ်တွင် ဒေါ်သိန်းသိန်းဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၁၃၁၈၇)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၁)၊ ဦးပိုင်အမှတ်(၄-က)၊ မြေကွက်ပေါ်တွင် ဦးကျော်ဇော နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၉၄၂၆၅)က S.S(၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၀၅)၊ ဦးပိုင်အမှတ်(၁၇၆-ဗ)၊ မြေကွက်ပေါ်တွင် ဦးတင်ယု နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၈၁၆၁)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၁၀)၊ ဦးပိုင်အမှတ်(၂၆)၊ မြေကွက်ပေါ်တွင် ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၀၀၃၀၅)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၁၀၃-က)၊ မြေကွက်ပေါ်တွင် ဦးမင်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဝလန(နိုင်)၀၈၅၆၇၂)က S.S (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်အမှတ်(၁၆ ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးကျော်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မမန(နိုင်)၀၃၀၃၈၄)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၅)၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်ပေါ်တွင် ဒေါ်ဆွေမာသင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၇၉၂၆၅)က မြေအောက်ထပ် + RC (၄)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၁၅၂)၊ မြေကွက်ပေါ်တွင် ဦးယားကို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၅၈၂၁၀)က S.S (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၁၀၃-က)၊ မြေကွက်ပေါ်တွင် ဦးမင်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဝလန(နိုင်)၀၈၅၆၇၂)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၄)၊ ဦးပိုင်အမှတ်(၇ + ၁၂)၊ မြေကွက်ပေါ်တွင် ဦးစိုးသွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၀၀၁၄၉၄)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၂)၊ ဦးပိုင်အမှတ်(၃၆)၊ မြေကွက်ပေါ်တွင် ဦးခင်မောင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မဂဒ(နိုင်)၀၀၆၆၉၃)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၄)၊ ဦးပိုင်အမှတ်(၂၁၆)၊ မြေကွက်ပေါ်တွင် ဦးစိုင်းရဲမြင့်ကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၀၁၁၃၃၄)က နံကပ်(၁)ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့် (အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ယနေ့ ဖတ်စရာအညွှန်း

လူငယ်များကြား၌ ဦးနောက်အမြှေးရောင်ရောဂါဖြစ်ပွားမှု အန္တရာယ် မြင့်တက်လာကြောင်း ပြိတိန်ကျန်းမာရေးအေဂျင်စီ သတိပေး
စာမျက်နှာ ၈

ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် ကျေနပ်မိကြောင်း အာနီဆလော့ပြောကြား
စာမျက်နှာ ၁၁




## ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ကျောက်မဲ နိုဝင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာန၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကို ပြန်လည်ပြုပြင်ပြီး စာမျက်နှာ ၁၀ သို့ ○



## ရထားဖြင့်ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

၁။ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၇)အဆန်/(၈)အစုန်၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် RBE ရထားများဖြင့် စီးနင်းလိုက်ပါလိုကြသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့စီးနင်းလိုက်ပါလိုသည့် ခရီးစဉ်များအလိုက် ရထားလက်မှတ်များကို အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် မိမိစတင်ခရီးသွားရောက်လိုသည့် အောက်ဖော်ပြပါဘူတာများနှင့် ယှဉ်တွဲပါဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ခရီးသွားမည့်နေ့ရက်မတိုင်မီ (၅) ရက်အလိုမှစ၍ ကြိုတင်မှတ်ပုံတင်ခြင်း(Booking) ပြုလုပ်နိုင်ပါသည်-

| | |
|---|---|
| ရန်ကုန်ဘူတာကြီး - (၀၉-၈၈၀၉၄၂၆၀၈) | တိုးကြောင်ကလေးဘူတာ-(၀၉-၈၈၀၉၄၂၆၀၉) |
| ပဲခူးဘူတာ - (၀၉-၈၈၀၉၄၂၆၀၆) | ဖြူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၅) |

စာမျက်နှာ ၁၀ သို့ *

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ စာမျက်နှာ ၄ သို့ ■

## ပရီးမီးယားလိဂ် ပွဲစဉ်(၁၀)တွင် အာဆင်နယ်၊ ဖူလ်ဟမ်နှင့် ဘရိုက်တန်တို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် နိုဝင်ဘာ ၁**

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် အာဆင်နယ်အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့သည်။

ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး အာဆင်နယ်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဘရိုက်တန်အသင်းက လီဒ်စ် အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးနိုင်ပွဲ ရရှိခဲ့ကြသည်။

(NGB)

၀-၀-၀-၀

